# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# အဋ္ဌမပုံမှန်အစည်းအဝေး

# ပထမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း | ၅ |
| ၆ | ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များတွင် COE (Center of Excellent) ကျောင်းများ ဖွင့်လှစ်ထားရှိရာ ၎င်းတက္ကသိုလ်များမှ ဘွဲ့ရရှိသူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် အခြားတက္ကသိုလ်များမှ ရရှိသောဘွဲ့နှင့် မည်သို့ ကွာခြားမှု ရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | မက်မန်းမြို့နယ်ပညာရေးမှူးရုံးအား မိုင်းဖြတ်ခရိုင်ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ကျိုင်းတုံခရိုင် ပညာရေးမှူးရုံးကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၈ | တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရသည့် ထောက်ခံစာများအနက် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူ၏ထောက်ခံစာကိုပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၄ |
| ၉ | ဒီပဲယင်းမြို့နယ်၊ ဆပ်လူးပိတ်ချင်းတော အလယ်တန်းကျောင်းတွင် ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သော ၁၇၀ ပေ x ၃၀ ပေ x ၁၂ ပေ ရှိ ကျောင်းဆောင်အတွက် လိုအပ်သော ရန်ပုံငွေကို ပညာရေးဝန်ကြီးဌာန မှ ဆောင်ရွက်ပေးရန် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | ဟုမ္မလင်းမြို့တွင် ချင်းတွင်းအထက်ပိုင်းဒေသ ပညာရေးဖွံ့ဖြိုးတိုးတက်ရန် အတွက် ပညာရေးကောလိပ် တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၁ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း | ၂၁ |

သို့မဟုတ် လက်မှုပညာ သင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ် ပေးနိုင်ရေး အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

၁၂ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က အခြေခံပညာကျောင်းများတွင် တာဝန် ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများအား ၎င်းတို့မိသားစုများနှင့် အနီးစပ်ဆုံးရှိ ရာထူးတာဝန်နှင့်ကိုက်ညီသော စာသင်ကျောင်းများတွင် ဦးစားပေးတာဝန်ချထားပေးနိုင်ပါရန် အစီအစဉ်များရေးဆွဲ၍ အကောင် အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် သက်ဆိုင်ရာပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၃

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍မျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၂၈

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၂

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၁၄–၅–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း–

(က) ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Nguyen Thi Kim Ngan ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ခ) လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Pany YOTHOTOU ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဂ) ဆားဘီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E. Mrs. Maja Gojkovic ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဃ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ Mr.Li Zhanshu ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(င) အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံ (AIPA) ၏ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Isra Sunthornvut ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(စ) အယ်လ်ဂျီးရီးယားနိုင်ငံ၊ အယ်လ်ဂျီးရီးယားအမျိုးသား ပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌ H.E. Mr. Said Bouhadja ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဆ) ဂျပန်နိုင်ငံ၊ အောက်လွှတ်တော် ဥက္ကဋ္ဌ Mr. Tadamori Oshima ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဇ) ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-Kyun ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဈ) ပါလီမန်များဆိုင်ရာအဖွဲ့ (IPU) ၏ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Martin Chungong ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ည) ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Vladimir Andreichenko ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဋ) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော် ဥက္ကဋ္ဌ H.E. Vyacheslav Volodin ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဌ) အိန္ဒိယနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E Mrs. Sumitra Mahajian ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဍ) တူရကီနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Ismail KAHRAMAN ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဎ) စင်္ကာပူသမ္မတနိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tan Chuan-Jin ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဏ) ကမ္ဘောဒီးယားနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Ponhea Chakrei HENG SAMRIN ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(တ) ဖိလစ်ပိုင်နိုင်ငံ၊ အောက်လွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Pantaleon D.Alvarez ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ထ) လူဇင်ဘတ်နိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Mars Di Bartolomeo ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များတွင် COE (Centre of Excellent) ကျောင်းများဖွင့်လှစ်ထားရှိရာ ၎င်းတက္ကသိုလ်များမှ ဘွဲ့ရရှိသူများ၏ အလုပ်အကိုင် အခွင့်အလမ်း နှင့် အခြားတက္ကသိုလ်များမှ ရရှိသောဘွဲ့နှင့် မည်သို့ကွာခြားမှု ရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ် ပညာရေးမှူးရုံးအားမိုင်းဖြတ်ခရိုင် ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ကျိုင်းတုံခရိုင် ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၏ **တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရသည့် ထောက်ခံစာများအနက် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူ၏ ထောက်ခံစာကို ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **ဒီပဲယင်းမြို့နယ်၊ ဆပ်လူးပိတ်ချင်းတော အလယ်တန်းကျောင်းတွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သော ၁၇၀ပေ× ၃၀ပေ× ၁၂ပေ ရှိ ကျောင်းဆောင်အတွက် လိုအပ်သော ရန်ပုံငွေကို ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရန် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့တွင် ချင်းတွင်းအထက်ပိုင်းဒေသ ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကောလိပ် တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း သို့မဟုတ် လက်မှုပညာသင်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ရေး အတွက် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်က **"အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများအား ၎င်းတို့မိသားစုများနှင့် အနီးစပ်ဆုံးရှိ ရာထူးတာဝန်နှင့် ကိုက်ညီသော စာသင်ကျောင်းများတွင် ဦးစားပေးတာဝန်ချထားပေးနိုင်ပါရန် အစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
## ပထမနေ့မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်**

**(၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၅ ရက်၊
(၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင် ခွင့် ၅ ရက်၊
(၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြဦး ခွင့် ၅ ရက်၊
(၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင် ခွင့် ၅ ရက်၊
(၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထိန်လင်း ခွင့် ၅ ရက်၊
(၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ဇင်လတ် ခွင့် ၅ ရက်၊
(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် ခွင့် ၅ ရက်၊
(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး ခွင့် ၅ ရက်၊
(၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်ဘို ခွင့် ၅ ရက်၊
(၁၀) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၅ ရက်၊
(၁၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်၊
(၁၂) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၄ ရက်၊
(၁၃) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၅ ရက်၊
(၁၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၅ ရက်၊
(၁၅) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၅ ရက်၊
(၁၆) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် ၃ ရက်၊
(၁၇) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊
(၁၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၅ ရက်၊

(၁၉) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁၂ ရက်၊
(၂၀) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်၊
(၂၁) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၅ ရက်၊
(၂၂) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊
(၂၃) တာချီလိတ်မဲဆန္ဒနယ်မှ ဦးငွေးဝင်း ခွင့် ၁ ရက်၊
(၂၄) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၄ ရက်၊
(၂၅) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၃ ရက်၊
(၂၆) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး ခွင့် ၅ ရက်၊
(၂၇) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၁ ရက်၊
(၂၈) တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး ခွင့် ၅ ရက်၊
(၂၉) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၅ ရက်၊
(၃၀) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၅ ရက်၊
(၃၁) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၅ ရက်၊
(၃၂) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၅ ရက်၊
(၃၃) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၅ ရက်၊
(၃၄) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၅ ရက်၊
(၃၅) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၃၃ ရက်၊
(၃၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊
(၃၇) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၄ ရက်၊
(၃၈) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၅ ရက်၊
(၃၉) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊
(၄၀) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှငွေးဝင်း ခွင့် ၁ ရက်နှင့်
(၄၁) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ လက်ရှိ ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးသို့ ကျန်းမာရွှင်လန်းစွာနဲ့ တက်ရောက်လာကြတာကို တွေ့ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့လုပ်ငန်းတာဝန်တွေကို အလေးပေးဆောင်ရွက်ခဲ့ကြတာတွေ ကြားသိရတဲ့အတွက် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ စတင်ကျင်းပတဲ့ အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်းမှာ အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၅၀ ခုရှိပါတယ်။ အသင့်ဖြစ်အဆို ၁၂ ခုရှိပါတယ်။ ဥပဒေကြမ်းများအနေနဲ့ ၂၈ ခုရှိပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေကို လေ့လာကြည့်မယ်ဆိုရင် နိုင်ငံရေးရည်မှန်းချက်အပြောင်းအလဲများနှင့်အတူ မူဝါဒအပြောင်းအလဲတွေကို ထင်ထင်ရှားရှားတွေ့မြင်ကြားသိနေကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း မူဝါဒအပြောင်းအလဲများကို သတိပြုပြီး မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်တစ်ရပ်ဖြစ်လာဖို့ ကျရာအခန်းကဏ္ဍကနေပြီး ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ခေတ်စနစ်နှင့်မညီတဲ့ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်သလို ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေတဲ့ဥပဒေတွေ၊ ပြည်သူတွေရဲ့အခြေခံလူ့အခွင့်အရေးကို ကာကွယ်ပေးမယ့်ဥပဒေတွေကို ဆက်လက်ပြဋ္ဌာန်းသွားကြရမှာဖြစ်ပါတယ်။ နိုင်ငံတကာလွှတ်တော်တွေကို လေ့လာကြည့်မယ်ဆိုရင် ပြဋ္ဌာန်းပြီးတဲ့ဥပဒေများရဲ့အကျိုးသက်ရောက်မှုကို ဆက်လက်လေ့လာစိစစ်ခြင်း (Post Legislative Scrutiny) ကို လွှတ်တော်များက ဆောင်ရွက်ကြပါတယ်။ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ဥပဒေများကို လက်တွေ့ကျင့်သုံးရာတွင် ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုရှိ/မရှိနဲ့ အကောင်အထည်ဖော်ရသည့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်းရှိ/မရှိကို လွှတ်တော်ကိုယ်စားလှယ်များက စောင့်ကြည့်လေ့လာစိစစ်သွားရန်လည်း လိုအပ်မှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်များဟာ မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးမှာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို တတ်နိုင်သမျှ စိစစ်ထိန်းညှိပြီး ဒီမိုကရေစီစံနှုန်းများနဲ့ကိုက်ညီတဲ့ လွှတ်တော်ဖြစ်စေရေး၊ နိုင်ငံတော်နဲ့

ပြည်သူလူထုအကျိုးစီးပွားအတွက် အားကိုးအားထားပြုရတဲ့လွှတ်တော်ဖြစ်စေရေးတို့အတွက် ကြိုးစားဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ယခုလို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအင်အားနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်လာအောင် ကြိုးပမ်းတည်ဆောက်နေတဲ့ကာလမှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တိုင်းရင်းသားအချင်းချင်းကြားမှာ ယုံကြည်မှုတည်ဆောက်နိုင်ရန် ဝိုင်းဝန်းကူညီပေးကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီယဉ်ကျေးမှုတွေ ပိုမိုတိုးတက်ဖြစ်ထွန်းစေဖို့ ကိုယ်စားလှယ်များကိုယ်တိုင်ကလည်း ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စံနမူနာပြဆောင်ရွက်သွားကြရမှာဖြစ်သလို နိုင်ငံတော်မှာ လွတ်လပ်ခြင်း၊ ညီမျှခြင်းနဲ့ တရားမျှတခြင်းဆိုတဲ့ လောကပါလတရားများထွန်းကားဖို့အတွက် ဥပဒေများ အခိုင်အမာပြဋ္ဌာန်းနိုင်ကြဖို့ အထူးလိုအပ်ပါတယ်။ ပြည်သူ့အကျိုးစီးပွားကိုအကာအကွယ်ပေးတဲ့ ဥပဒေများဖြစ်မှသာ ပြည်သူကလည်း ယုံကြည်အားကိုးပြီး လေးစားလိုက်နာကြမှာဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်သာမက ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေနဲ့ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဥပဒေပြုရေးမဏ္ဍိုင် ပိုမိုခိုင်မာအားကောင်းစေဖို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ဆက်လက်ကြိုးပမ်းအားထုတ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်များပီသစွာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြူစင်တဲ့စိတ်စေတနာ၊ မှန်ကန်တဲ့ဆောင်ရွက်ချက်များနဲ့ ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ၂၂-၃-၂၀၁၈ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ အောက်ဖော်ပြပါပြည်ပနိုင်များမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ရောက်ရှိခဲ့မှုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်နိုင်ရန် လွှတ်တော်သို့ တင်ပြသွားပါမယ်။

(က) ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Nguyen Thi Kim Ngan ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ခ) လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Pany YOTHOTOU ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဂ) ဆားဘီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Maja Gojkovic ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ပေးပို့လာတဲ့ သဝဏ်လွှာ၊

(ဃ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Li Zhanshu ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(င) အာဆီယံပါလီမန်များဆိုင်ရာညီလာခံ (AIPA) ၏အထွေထွေအတွင်းရေးမှူးချုပ် Mr. Isra Sunthornvut ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က ပေးပို့လာတဲ့ သဝဏ်လွှာ၊

(စ) အယ်လ်ဂျီးရီးယားနိုင်ငံ၊ အယ်လ်ဂျီးရီးယား အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ H.E. Mr. Said Bouhadja ထံမှ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ပေးပို့လာတဲ့ သဝဏ်လွှာ၊

(ဆ) ဂျပန်နိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. Tadamori Oshima ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဇ) ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Chung Sye-Kyun ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပေးပို့လာတဲ့ သဝဏ်လွှာ၊

(ဈ) ပါလီမန်များဆိုင်ရာ(IPU) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Martin Chungong ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပေးပို့လာတဲ့ သဝဏ်လွှာ၊

(ည) ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vladimir Andreichenko ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဋ) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Vyacheslav Volodin ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ပေးပို့လာတဲ့ သဝဏ်လွှာ၊

(ဌ) အိန္ဒိယနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Sumitra Mahajian ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ပေးပို့လာတဲ့ သဝဏ်လွှာ၊

(ဍ) တူရကီနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Ismail KAHRAMAN ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ပေးပို့လာတဲ့ သဝဏ်လွှာ၊

(ဎ) စင်ကာပူသမ္မတနိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tan Chuan-Jin ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဏ) ကမ္ဘောဒီးယားနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Ponhea Chakrei HENG SAMRIN ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပေးပို့လာတဲ့ သဝဏ်လွှာ၊

(တ) ဖိလစ်ပိုင်နိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Pantaleon D.Alvarez ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ပေးပို့လာတဲ့ သဝဏ်လွှာ၊

(ထ) လူဇင်ဘတ်နိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Mars Di Bartolomeo ထံမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာတို့ဖြစ်ပါတယ်။

တင်ပြပါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ၁၇ စောင်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များတွင် COE(Center of Excellent) ကျောင်းများဖွင့်လှစ်ထားရှိရာ ၎င်းတက္ကသိုလ်များမှ ဘွဲ့ရရှိသူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် အခြားတက္ကသိုလ်များမှ ရရှိသောဘွဲ့နှင့် မည်သို့ကွာခြားမှုရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်နဲ့မန္တလေးတက္ကသိုလ်တွေမှာ ဖွင့်လှစ်ထားတဲ့ COE(Center of Excellent)နဲ့ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ တက္ကသိုလ်တွေမှာ ကာလတစ်ခုက ဘွဲ့ကြိုသင်တန်းတွေပိတ်ထားခဲ့ရာက ၂၀၁၄ ခုနှစ်မှာတော့ ဒီတက္ကသိုလ်တွေမှာ ဘွဲ့ကြိုရောင်စုံပန်းတွေနဲ့ ပြန်လည်အသက်ဝင်ခဲ့ပါတယ်။ ဒီလိုပြင်ပမိန်းတက္ကသိုလ်တွေမှာ တက်ရဖို့ ထူးချွန်တဲ့အမှတ်တွေရဖို့လိုပါတယ်။

ကျေးဇူးပြုပြီး Power Point သုံးစွဲဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ အရင်နှစ်က ရန်ကုန်တက္ကသိုလ် COE ဝင်ခွင့်ရတဲ့အမြင့်ဆုံးနဲ့အနိမ့်ဆုံးအမှတ်စာရင်းတွေဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးပထမ အမှတ်အများဆုံး ၅၅၅ မှတ် ရနေချိန်မှာ COE အင်္ဂလိပ်စာအနေနဲ့ ၅၄၆ မှတ်နဲ့ ဝင်နေတာတွေ့ရပါတယ်။ IR ဆိုတဲ့ International Relation အနေနဲ့ဆိုရင် ၅၂၆ မှတ်နဲ့ အမြင့်ဆုံးဝင်ပါတယ်။ သင်္ချာဆိုရင် ၅၀၉ မှတ်နဲ့ အမြင့်ဆုံးအမှတ်တွေနဲ့ဝင်ခဲ့ကြပါတယ်။ ဘာသာရပ်အလိုက် အနိမ့်ဆုံး အမှတ်တွေဆိုရင်တော့ စာကြည့်တိုက်နဲ့သုတေသနပညာမှာ ၃၆၀ မှတ်ကနေပြီးတော့ရင် IR ခေါ်တဲ့ International Relation မှာ ၄၇၀ မှတ် ရမှ COE တန်းတွေကို တက်ခွင့်ရပါတယ်။ ဒီလို (၁၀)တန်းကို

အမှတ်မြင့်မြင့်နဲ့ အောင်ပြီးတော့ သက်ဆိုင်ရာ COE ဘာသာရပ်အလိုက် ကြိုးစားသင်ယူပြီး ဘွဲ့တွေရတဲ့အခါ သူတို့လေးတွေအတွက် ဘယ်လိုစီစဉ်ထားကြောင်းကိုလည်း သိရှိလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်ရဲ့မိန့်ခွန်းမှာဆိုရင် ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေးအတွက် ပညာသင်စရိတ်ထောက်ပံ့မှုတွေကို တိုးမြှင့်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်မှာဖြစ်သလို အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှုတွေ မြင့်မားလာအောင် ဦးတည်ကြိုးပမ်းမှာဖြစ်ပါတယ်။ ဝင်ငွေနည်းမိသားစု၊ ဆင်းရဲနွမ်းပါးတဲ့မိသားစုက ကျောင်းသားလူငယ်တွေ အဆင့်မြင့်ပညာဆည်းပူးခွင့်ရရှိရေးဟာ နိုင်ငံတော်အတွက် အရေးကြီးတဲ့မူဝါဒတစ်ရပ်ဖြစ်လာမှာဖြစ်ပါတယ်။

အရည်အချင်းရှိတဲ့လူငယ်တွေ သူတို့နဲ့ထိုက်တန်တဲ့ပညာရပ်တွေကို ဆည်းပူးခွင့်ရရှိပြီး သူတို့နဲ့ထိုက်တန်တဲ့နေရာတွေရရှိနိုင်ဖို့ နိုင်ငံတကာပညာသင်အခွင့်အလမ်းတွေ၊ ပြည်တွင်းအခွင့်အလမ်းတွေကို အလေးထားပြီး မြှင့်တင်ပေးရမှာဖြစ်ပါတယ်လို့ ပညာရေးနဲ့ပတ်သက်ပြီး လမ်းညွှန်မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် ကျောင်းသားလူငယ်တွေ ပိုမိုကြိုးစားချင်အောင် သူတို့နဲ့ထိုက်တန်တဲ့နေရာတွေ၊ နိုင်ငံတကာပညာသင်အခွင့်အလမ်းတွေ ပြည်တွင်းအခွင့်အလမ်းတွေကို ဘယ်လိုအလေးထားပြီး ဆောင်ရွက်ထားတယ်ဆိုတာ ကျောင်းသားလူငယ်တွေနဲ့မိဘပြည်သူအားလုံးရဲ့ကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ ဒီမေးခွန်းနဲ့အတူ နည်းပညာတက္ကသိုလ်(COE)တွေအတွက်လည်း သီးခြားမေးမြန်းထားတာရှိပါတယ်။ အလျဉ်းသင့်တဲ့အခါ ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး၏မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ကျေးဇူးပြု၍ Power Point အသုံးပြုဖို့အတွက် မေတ္တာရပ်ခံအပ်ပါတယ်။ ဒီ Power Point ကလည်း ဒီတက္ကသိုလ်တွေဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်အဆင့်တက္ကသိုလ်တွေဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြည့်ပြည့်စုံစုံတင်ပြဖို့လို့ ပြင်ဆင်ထားတဲ့အတွက် အချိန်လေးပေးဖို့အတွက်ကိုလည်း ကျွန်တော်လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒါမနှစ်က ၂၀၁၇ ခုနှစ် ဇူလိုင်လက ၂၀၁၇ ခုနှစ် မတ်လက တက္ကသိုလ်ဝင်စားမေးပွဲအောင်မြင်သူများရဲ့ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်တို့မှာ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေးအစီအစဉ်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှ

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသားကျောင်းသူများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ လက်ခံသင်ကြားသင်ယူလေ့ကျင့်ပေးလျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနမှ ထုတ်ဝေခဲ့တဲ့ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်မှာ Center of Excellent ဆိုတဲ့ COE အဖြစ် ဖော်ပြထားခြင်းမရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ထဲမှာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တွေပါတဲ့အတွက် ရန်ကုန်တက္ကသိုလ်မှာတော့ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် ၂၅ ခုနဲ့ မန္တလေးတက္ကသိုလ်မှာ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် ၂၄ ခုသို့ တက်ရောက်ခွင့်ရရှိရန်အတွက် ဘာသာရပ်တစ်ခုစီ၏ သတ်မှတ်ထားသော အများဆုံးကျောင်းသားကျောင်းသူအရေအတွက်ကိုသာ တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှ ယှဉ်ပြိုင်လျှောက်ထားရခြင်းဖြစ်ပါတယ်။ တက်ရောက်ခွင့်ရရှိတဲ့ကျောင်းသားကျောင်းသူများထဲမှ အရည်အချင်းသတ်မှတ်ချက်ဖြစ်တဲ့ ဘာသာရပ်အလိုက် သတ်မှတ်ထားသော အနိမ့်ဆုံးရမှတ်နှင့် အနိမ့်ဆုံးစုစုပေါင်းရမှတ်တို့ကို ပြည့်မီပါက ဝိဇ္ဇာချွန်ဆုနှင့်သိပ္ပံချွန်ဆုတို့ကို လျှောက်ထားလာပါက ပညာရေးဝန်ကြီးဌာနအနေနဲ့ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ သို့သော် အခြားတိုင်းဒေသကြီး/ပြည်နယ်တွေမှာတော့ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်တဲ့အစီအစဉ်တွေကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဒါသည် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်မှ COE လို့ဖော်ပြထားခြင်းမရှိပါဘူး။ ရန်ကုန်တက္ကသိုလ်နဲ့မန္တလေးတက္ကသိုလ်မှာ ဘာသာရပ် ၂၅ ခုနဲ့ ၂၄ ခု လက်ခံပြီးတော့မှ အရည်အချင်းသတ်မှတ်ချက်တွေအနေနဲ့ အနိမ့်ဆုံးရမှတ်၊ အနိမ့်ဆုံးစုစုပေါင်းရမှတ်ရရင် ဝိဇ္ဇာချွန်ဆု၊ သိပ္ပံချွန်ဆုတွေကို ချီးမြှင့်မယ်ဆိုတာကို ဖော်ပြထားတာကိုတင်ပြခြင်းဖြစ်ပါတယ်။

ဒီ Next Slide ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ခုနကတင်ပြသွားတဲ့အတိုင်းပဲ။ ဒီရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်ကို ဝင်ခွင့်ပြုတဲ့ဦးရေတွေကို လျာထားတာ ၁၀၀ ဝန်းကျင်ကိုပဲ ယှဉ်ပြိုင်တဲ့ထဲကမှ စိစစ်ပြီးတော့မှ လက်ခံတာဖြစ်တဲ့အတွက် ရန်ကုန်တက္ကသိုလ်က စုစုပေါင်း ဘာသာရပ် ၂၅ ခုအတွက် ကျောင်းသားကျောင်းသူစုစုပေါင်း ၁၄၁၀ ဦးနဲ့ မန္တလေးတက္ကသိုလ်မှာ မနှစ်က ကျောင်းသားကျောင်းသူ၊ ဘာသာရပ် ၂၄ ခုမှာ စုစုပေါင်းခွင့်ပြုဦးရေ ၇၃၀ ဦးဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့မန္တလေးတက္ကသိုလ်တို့တွင် တက်ရောက်ခွင့်ရရှိကြတဲ့ ကျောင်းသားကျောင်းသူများဟာ ယေဘုယျအားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲမှာ စုစုပေါင်း ရမှတ် ၄၀၀ နှင့်အထက်ရရှိသူများဖြစ်တဲ့အတွက် ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်းမှာ လုပ်ငန်းရှင်များရဲ့ စိတ်ဝင်စားမှုကို ပိုမိုရရှိလျက်ရှိကြကြောင်း သိရှိရပါတယ်။ အချို့ကျောင်းသားကျောင်းသူတွေဟာ တက္ကသိုလ်တက်ရောက်နေစဉ်မှာ ပြည်ပတက္ကသိုလ်များမှ ကာလတို၊ ကာလရှည်ပညာသင်ဆုများကိုရရှိပြီး သွားရောက်ပညာဆည်းပူးနိုင်တဲ့အခွင့်အလမ်းများကိုလည်း ရရှိနေကြပါတယ်။ ရန်ကုန်တက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ်တို့တွင် ဘွဲ့ကြိုသင်တန်းများ ပြန်လည်စတင်တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်တက်ရောက်ခဲ့သူများဟာ ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်မှာ သင်တန်းပြီးမြောက်ခဲ့ပြီးတော့ BA ၊ B.Sc ဘွဲ့တွေကို ရရှိခဲ့ကြပါတယ်။ ဂုဏ်ထူးတန်းဘွဲ့သင်တန်းသို့ တက်ရောက်ကြတဲ့ကျောင်းသားကျောင်းသူတွေဟာ ယခုပညာသင်နှစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်

မှာတော့ တတိယနှစ်ဂုဏ်ထူးတန်းကို တက်ရောက်ပညာသင်ယူလျက်ရှိကြပါတယ်။ အချို့ကျောင်းသား ကျောင်းသူတွေကတော့ မဟာဘွဲ့သင်တန်းတွေကို ဆက်လက်တက်ရောက်ပညာသင်ယူလျက် ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဥပဒေဘာသာရပ်ကျောင်းသားကျောင်းသူများကတော့ ပညာသင်နှစ်ငါးနှစ်ဖြစ်တဲ့အတွက် နောက်ဆုံးနှစ်မှာ တက်ရောက်ပညာသင်ယူနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်တက္ကသိုလ်နဲ့မန္တလေးတက္ကသိုလ်တို့သာမက အခြားဝိဇ္ဇာသိပ္ပံတက္ကသိုလ်များရှိ ကျောင်းသားကျောင်းသူများရဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်တဲ့သင်ထောက်ကူပစ္စည်း များ၊ ဓာတ်ခွဲခန်း သုံးစက်ပစ္စည်းကိရိယာများကို သတ်မှတ်ထားသောခွင့်ပြုဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည်ပြီး ကျောင်းသားကျောင်းသူငါးဦးလျှင် တစ်စုံနှုန်းဖြင့် လက်တွေ့လုပ်ဆောင်မှုများကို ပြုလုပ် နိုင်ရေးအတွက်ကိုလည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ ဦးစားပေးအစီအစဉ်အလိုက် ဖြည့်ဆည်းစီစဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဒ့ါအပြင် စာသင်ခန်းများ၊ လက်တွေ့ ဓာတ်ခွဲခန်းများ၊ စာကြည့်တိုက်များ၊ အိပ်ဆောင်များကိုလည်း တိုးချဲ့စီစဉ်ဖြည့်ဆည်းပေးလျက် ရှိပါတယ်။

ကျောင်းသားကျောင်းသူများ ပညာသင်ယူနေစဉ်ကာလအတွင်း ဆက်သွယ်ပြောဆိုမှု၊ နက်နက် နဲနဲ ပိုမိုသင်ယူနိုင်ရေး(Deep Learning)နဲ့ အခြေခံသုတေသန(Basic Research) အတွေ့အကြုံ ကောင်းများ ရရှိစေရန်ရည်ရွယ်၍ မြန်မာစာနှင့်အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာပြိုင်ပွဲများ၊ စကားရည်လုပွဲ များ၊ သိပ္ပံပြပွဲများ၊ ပြိုင်ပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများကိုလည်း စီစဉ်ပြုလုပ်ပေးလျက်ရှိပြီး ဆုများလည်း ချီးမြှင့်ပေးလျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဒါကတော့ ရန်ကုန်တက္ကသိုလ်ပင်မရဲ့အဝင် Main Gate ဖြစ်ပါတယ်။ ဒါကတော့ ဘွဲ့နှင်း သဘင်ကိုသွားတဲ့ အဓိပတိလမ်းကြီးဖြစ်ပါတယ်။ ဒါကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ Convocation Hall ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ယခုပညာသင်နှစ်မှာ ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ ပထမနှစ်ကျောင်းသားကျောင်းသူတွေကို အရင်က TTC ကျောင်းသားကျောင်းသူတွေ တက်ရောက်ခဲ့တဲ့ကျောင်းကို ပြင်ဆင်ပြီးတော့ ကျွန်တော်တို့ အချိန်တို ကာလ နှစ်လအတွင်းထဲမှာပြင်ဆင်ပြီးတော့ ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း လေးစားစွာတင်ပြ အပ်ပါတယ်။ ဒါကတော့ လှိုင်နယ်မြေမှာရှိတဲ့ Theatre တွေဖြစ်ပါတယ်။ Multi Media Projector တွေနဲ့ Screen တွေကိုလည်းပဲ အသုံးပြုနိုင်အောင်လို့ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ဒါကတော့ Theatre 13 ဖြစ်ပါတယ်။ ဒါလည်းပဲ အထဲမှာ LCD Projector နဲ့ Screen နဲ့ ဒါကတော့ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် ဖြစ်ပါတယ်။ ဒါကတော့ တက္ကသိုလ်များဗဟိုစာကြည့်တိုက် ဖြစ်ပါတယ်။ ဒါကတော့ မန္တလေးတက္ကသိုလ်ဖြစ်ပါတယ်။ ဒါ မန္တလေးတက္ကသိုလ်ဆိုလို့ရှိရင် အရင်တုန်းကဆိုလို့ရှိရင် မှောင်မဲနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ မီးတိုင်တွေကို ဒီနှစ်မှာ ဆိုလို့ရှိရင် စိုက်ထူပြီးတော့ ဆောင်ရွက်ပေးထားပါတယ်။ ဒါကတော့ မန္တလေးတက္ကသိုလ်စာကြည့်တိုက် မှာအသုံးပြုနေကြတဲ့သူတွေ ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသားကျောင်းသူတွေရဲ့ အိပ်ဆောင် တစ်ခုဖြစ်တဲ့ ပဲခူးဆောင်ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လှိုင်နယ်မြေမှာရှိတဲ့ ကေတုမတီဆောင် ဖြစ်ပါတယ်။ ဒါကတော့ အမျိုးသားဆောင် ဖြစ်ပါတယ်။ မြတ်လေးဆောင်ကတော့ အမျိုးသမီးဆောင်

ဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံခြားသားဧည့်ရိပ်သာဖြစ်ပါတယ်။ ဒါမန္တလေးတက္ကသိုလ်ရဲ့ Campus ဖြစ်ပါတယ်။ ဒါက ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ Multi Media အသုံးပြုပြီးတော့ သင်ခန်းစာတွေကို ပို့ချနေတဲ့ပုံဖြစ်ပါတယ်။ ဒါ မန္တလေးတက္ကသိုလ်မှာ အသုံးပြုနေတာ။ ဒါက ရန်ကုန်တက္ကသိုလ်ရဲ့ လက်တွေ့ခန်းဖြစ်ပါတယ်။ ဒါလည်း လက်တွေ့ခန်းဖြစ်ပါတယ်။ ဒါလည်း ကျောင်းသားကျောင်းသူတွေ လက်တွေ့ခန်းမှာ အသုံးပြုနေတဲ့ပုံဖြစ်ပါတယ်။ ဒါလည်း Master ကျောင်းသားတွေကနေပြီးတော့မှ လက်တွေ့ခန်းမှာ အသုံးပြုနေတဲ့ပုံဖြစ်ပါတယ်။ ဒါက Computer ခန်းဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ Computer ခန်း ဖြစ်ပါတယ်။ ဒါလည်း ရန်ကုန်တက္ကသိုလ်ရဲ့ Computer ခန်းဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကို နိုင်ငံတကာတက္ကသိုလ်တွေက ပညာရှင်များ၊ ဧည့်ပါမောက္ခများ လာရောက်ပြီးတော့မှပို့ချခြင်း ICT စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ပြင်ပကုမ္ပဏီများ ဥပမာ-Samsung ကလာရောက်ပြီးတော့မှ သင်တန်းပို့ချခြင်း၊ Mobile Application Program များ ပြုလုပ်၍ယှဉ်ပြိုင်စေခြင်း၊ ထူးချွန်သူများကို ဆုချီးမြှင့်ခြင်းစတာတွေကိုလည်းပဲ ပညာရေးဝန်ကြီးဌာနအနေနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားကျောင်းသူများ အတွေ့အကြုံကောင်းများရရှိစေရန်နဲ့ စိတ်အားထက်သန်မှု မြင့်တက်စေရန်ရည်ရွယ်ပြီး ပြင်ပမှအောင်မြင်နေသော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ ဥပမာအားဖြင့် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း MYEA ကိုလည်းဖိတ်ခေါ်ပြီး ဟောပြောပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများကို ပြုလုပ်ပေးခဲ့ပါတယ်။ ဒီလိုပြုလုပ်ပေးခဲ့တဲ့အတွက် ကျောင်းသားကျောင်းသူများအနေနဲ့ စိတ်အားထက်သန်မှု မြင့်တက်ပြီး မိမိဘာသာရပ်၊ တက္ကသိုလ်နဲ့နိုင်ငံကိုပိုမိုချစ်မြတ်နိုးစိတ်၊ ဘွဲ့ရလုပ်ငန်းလုပ်ကိုင်လိုမှု၊ ကိုယ်ပိုင်လုပ်ငန်းတည်ထောင်လိုမှု ပိုမိုတိုးမြှင့်ရရှိလာ၍ အခွင့်အလမ်းလည်းမြင့်မားလာတာကို တွေ့ရှိရပါတယ်။ ဒါကတော့ မြန်မာဘာသာစကားစွမ်းရည်မြင့်မားဖို့အတွက် ပြိုင်ပွဲဖြစ်ပါတယ်။ ဆုချီးမြှင့်နေတာဖြစ်ပါတယ်။ ဒါကတော့ အင်္ဂလိပ်ဘာသာစကားပြိုင်ပွဲဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျောင်းသားကျောင်းသူတွေရဲ့ သိပ္ပံစွမ်းရည်မြင့်မားလာဖို့အတွက် စီစဉ်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒါလည်း သိပ္ပံ Science ပဲဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Science and Technology Fair 2017 ဖြစ်ပါတယ်။ အဲဒါတွေအပြင် ကျောင်းသားကျောင်းသူတွေကိုလည်း ကျန်းမာကြံ့ခိုင်ဖို့အတွက် အားကစားပြိုင်ပွဲတွေကိုလည်း ကျွန်တော်တို့စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးရင် ကျွန်တော်တို့ နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲတွေကိုလည်းပဲ တက္ကသိုလ်တွေမှာ ဖိတ်ကြားပြီးဆောင်ရွက်ပေးသလို ဧည့်ပါမောက္ခသင်ကြားပို့ချခြင်းအစီအစဉ်တွေကိုလည်း ဆောင်ရွက်ပေးသလို အထူးသဖြင့်တော့ ယမန်နှစ်က Aid Model ASEM ကို MICC-2 မှာ နေပြည်တော်မှာ ကျင်းပတဲ့အချိန်မှာ ဒါတက္ကသိုလ်ကျောင်းသားကျောင်းသူတွေအားလုံးကို ဖိတ်ခေါ်ပြီးတော့မှ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်စေပြီး ဆုရရှိလာတဲ့ ကျောင်းသားကျောင်းသူများကိုလည်း ပြည်တွင်းမှာဆုချီးမြှင့်ပေးပါတယ်။ ပညာရေးဝန်ကြီးဌာနမှ နိုင်ငံတကာတက္ကသိုလ်များအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ Type Project ကို ၂၀၁၆ ခုနှစ်စ၍ ၂၀၂၁ ခုနှစ်မှာပြီးစီးမှာဖြစ်ပါတယ်။ ဤ Project မှာလည်း ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များနှင့် အဝေးသင်တက္ကသိုလ်များမှ ဘွဲ့ရရှိမယ့်ကျောင်းသားကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်း

ပိုမိုရရှိလာစေရန် ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သင်ရိုးညွှန်းတမ်းများပြုပြင်ရေးဆွဲခြင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များကိုဖိတ်ခေါ်၍ ဆွေးနွေးဟောပြောခြင်းစတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကတော့ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံကကျောင်းသားကျောင်းသူတွေ နိုင်ငံတကာ ပြိုင်ပွဲတွေမှာ သွားရောက်ယှဉ်ပြိုင်တဲ့အခါမှာ ဆုရရှိမှုအခြေအနေဖြစ်ပါတယ်။ စုစုပေါင်း ၁၆ ဦး ဆုရရှိခဲ့ပါတယ်။ အဲ့ဒီအထဲမှာတော့ ကျွန်တော်တို့ဒါ ရှေ့ကနှစ်ယောက်သည် Aid Model ASEM မှ ဆုရရှိခဲ့တာ ဖြစ်ပါတယ်။ နောက် ၃ ယောက်ကတော့ ဒါပြီးခဲ့တဲ့ China Myanmar Innovation and Intrapreneurship Competition ပြိုင်ပွဲမှ ကျွန်တော်တို့ သချာင်္ပြိုင်ပွဲမှာဆုရရှိလာတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ်တို့ရှိ ဘာသာရပ်အသီးသီးသည် မိမိတို့ ဌာနများမှဘွဲ့ရရှိသွားတဲ့ ကျောင်းသားကျောင်းသူများ အလုပ်အကိုင်ရရှိမှုကို လေ့လာသုတေသန ပြုလုပ်ရန် ပြင်ဆင်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ ဘွဲ့ရပြီးလပိုင်းမျှသာ ရှိသေးတဲ့အတွက်ကြောင့် သတ်မှတ်ထားတဲ့ အချိန်အပိုင်းအခြား တစ်ခုထိ လေ့လာဆန်းစစ်ပြီးမှသာ အလုပ်အကိုင်ရရှိမှုကို ဖော်ပြဆွေးနွေးသွားနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် Employability သည် တက္ကသိုလ်တိုင်းမှာ Quality Assurance အတွက် အရေးပါတဲ့အချက်ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူများ ဘွဲ့ရရှိပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းကို စစ်တမ်းကောက်ယူဖို့ နိုင်ငံအားလုံး က ဒါကြိုးပမ်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ အချိန်ယူလေ့လာ၊ ပြင်ဆင်လေ့လာသင်တန်းပေးပြီး ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ရန်ကုန်တက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ်တို့မှာ အချို့သော ဘာသာရပ်တို့မှာဆိုရင် နောက်ဆုံးနှစ်တက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူများကိုပါ နိုင်ငံ တကာအဖွဲ့အစည်းများမှ ကြိုတင်အလုပ်အကိုင် ကမ်းလှမ်းမှုတွေလည်းရှိတယ်လို့ သိရှိရပါတယ်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဘွဲ့ရကျောင်းသားကျောင်းသူများရဲ့ အလုပ်အကိုင် ရရှိမှုအခွင့်အလမ်းဟာ ၎င်းတို့ဘွဲ့ရရှိတဲ့တက္ကသိုလ်၊ ၎င်းတို့ရရှိတဲ့ဘွဲ့ဒီဂရီတို့သာမက လူသားကောင်း များအသင်းအဖွဲ့စိတ်ဓာတ်၊ ပင်ကိုကိုယ်ရည်ကိုယ်သွေး၊ ဓမ္မဓိဋ္ဌာန်ကျကျစဉ်းစားနိုင်မှု ဖွဲ့လုံ့လ၊ ဝီရိယ၊ ပြဿနာဖြေရှင်းနိုင်မှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ဆန်းသစ်တီထွင်နိုင်မှု၊ စောင့်ထိန်းရမယ့်ကျင့်ဝတ် သိက္ခာကျွမ်းကျင်မှု၊ စိတ်အားထက်သန်ရှိမှုတွေအပေါ်မှာ များစွာမူတည်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှခေါ်ယူသော ရာထူးနေရာတွေမှာ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှရရှိသောဘွဲ့နှင့် အခြားဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှ ရရှိတဲ့ဘွဲ့ဟူ၍ ခွဲခြားသတ်မှတ်ဖော်ပြ၍ခေါ်ယူခြင်းမရှိပါကြောင်း ရန်ကုန်တက္ကသိုလ်၊ မန္တလေး တက္ကသိုလ်မှရရှိတဲ့ ရိုးရိုးဘွဲ့ဒီဂရီအမျိုးအစားများသည် အခြားဝိဇ္ဇာသိပ္ပံတက္ကသိုလ်များမှ ပေးအပ် ချီးမြှင့်လျက်ရှိတဲ့ ဘွဲ့များနှင့်အတူတူသာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာအစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည့်စုံစွာ ဖြေကြားသွားတဲ့ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လို့ လွှတ်တော်မှာက အချိန်သတ်မှတ်ထားတာရှိပါတယ်။ နောင်ကျရင် သတ်မှတ်ထားတဲ့အချိန်အတွင်းမှာ ဖြေကြားနိုင်ဖို့ မေတ္တာရပ်ခံလိုပါတယ်။

**မက်မန်းမြို့နယ်ပညာရေးမှူးရုံးအား မိုင်းဖြတ်ခရိုင်ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ကျိုင်းတုံခရိုင် ပညာရေးမှူးရုံးကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့နယ်အတွင်း ပညာရေးကဏ္ဍအနေနဲ့ အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)သုံးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းခြောက်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၂၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ကိုးကျောင်း စုစုပေါင်း ၄၃ ကျောင်းမှာ ကျောင်းသားကျောင်းသူ ၂၆၈၀ ဦးနှင့် သင်ကြားမှု၊ သင်ယူမှုများဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာဆိုရင်လည်း မက်မန်းအထက်တန်းကျောင်းအနေနဲ့ စာစစ်ဌာနရရှိခဲ့ပြီးလည်းဖြစ်ပါတယ်။ မက်မန်းမြို့နယ် ပညာရေးမှူးရုံးကို ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့ မြို့နယ်ပညာရေးမှူး ပညာရေးဌာနအတွက် စီမံအုပ်ချုပ်မှုကို မိုင်းဖြတ်ခရိုင်ပညာရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ခရိုင်ပညာရေးမှူးရုံးမှာ အစည်းအဝေးရှိလို့ဖြစ်ဖြစ်၊ ပညာရေးအတွက်လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေ ထုတ်ယူရာမှာပဲဖြစ်ဖြစ်၊ လူရည်ချွန်စာမေးပွဲများ ဖြေတာပဲဖြစ်ဖြစ်၊ ဆရာဆရာမများ ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်း တက်ရောက်ရာမှာပဲဖြစ်ဖြစ်၊ အခြားအုပ်မှုဆိုင်ရာ အရေးပေါ်ကိစ္စတွေဆောင်ရွက်ရာမှာပဲဖြစ်ဖြစ် ကျိုင်းတုံခရိုင်ပညာရေးမှူးရုံးကို ကျော်လွန်ပြီးတော့ မိုင်းဖြတ်ခရိုင်ပညာရေးမှူးရုံးထိ သွားရောက်ဆောင်ရွက်နေရတာဖြစ်ပါတယ်။ ဒီလိုသွားတဲ့အခါမှာ မက်မန်းမြို့ကနေ မိုင်းပျဉ်း၊ မိုင်းပျဉ်းကနောက် ကျိုင်းတုံ၊ ကျိုင်းတုံကို ကျော်လွန်ပြီးမှ မိုင်းဖြတ်ကိုရောက်ပါတယ်။ မက်မန်း-မိုင်းပျဉ်းဟာဆိုရင် ၇၃ မိုင်ရှိပါတယ်။ မိုင်းပျဉ်း-ကျိုင်းတုံဟာဆိုရင် ၅၈ မိုင်ရှိပါတယ်။ ကျိုင်းတုံထိဆိုရင် ၁၃၁ မိုင်ကွာဝေးပါတယ်။ နောက်ထပ် မိုင်းဖြတ်ကို ၅၁ မိုင်လောက် သွားရမယ်ဆိုရင် စုစုပေါင်း ၁၈၂ မိုင်လောက်သွားရတဲ့အနေအထားကို တွေ့ရတာဖြစ်ပါတယ်။ မက်မန်းမြို့နယ်ပညာရေးမှူးရုံးစီမံအုပ်ချုပ်မှုကိစ္စရပ်တွေကို ကျိုင်းတုံခရိုင်ပညာရေးမှူးရုံးကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ပေးပါက အထက်ပါတင်ပြခဲ့တဲ့ အခက်အခဲများ လျော့နည်းသွားမှာဖြစ်တဲ့အပြင် ခရီးစရိတ်ကုန်ကျမှုများလည်း များစွာသက်သာသွားမှာဖြစ်ပါတယ်။ မြို့နယ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးနဲ့ သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းများအတွက် လိုအပ်ချက်များရရှိအောင် တင်ပြဆောင်ရွက်ရာမှာ မြန်ဆန်သွက်လက်သွားမှာဖြစ်သလို ဆက်စပ်ဌာနအဖွဲ့အစည်းများ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့နဲ့လည်း လက်လှမ်းမီမှာဖြစ်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မက်မန်းမြို့နယ်ပညာရေးမှူးရုံးအား မိုင်းဖြတ်ခရိုင် ပညာရေးမှူးရုံးကွပ်ကဲမှုအောက်မှ ကျိုင်းတုံခရိုင်ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

မူကြမ်း

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မက်မန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်ခရိုင်၊ မက်မန်းမြို့နယ်ဟာ ကျိုင်းတုံမြို့ ရဲ့အနောက်မြောက်ဘက်မှာတည်ရှိပြီး မိုင်ပေါင်း ၁၄၀ ခန့်ကွာဝေးကာ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ရှိပါတယ်။ ပညာရေးဖွဲ့စည်းပုံအရ မက်မန်းမြို့နယ်သည် မိုင်းဖြတ်ခရိုင်အတွင်း ပါဝင်လျက်ရှိတဲ့အတွက် မိုင်းဖြတ်မြို့ရဲ့ အနောက်မြောက်ယွန်းယွန်းမှာတည်ရှိပြီး မိုင်ပေါင်း ၁၉၀ ခန့် ကွာဝေးပါတယ်။ မက်မန်းမြို့နယ်ဟာ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မြို့နယ်ခြောက်မြို့နယ်မှာ ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အုပ်ချုပ်ရေးခရိုင်အရ မက်မန်းခရိုင်အဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၏ ပညာရေးခရိုင်အရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်ခရိုင်တွင်လည်းကောင်း ပါဝင်နေပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊မက်မန်းမြို့နယ်မှ မိုင်းဖြတ်ခရိုင်ရုံးသို့ ပညာရေးဆိုင်ရာဌာနလုပ်ငန်း များ သွားရောက်ဆောင်ရွက်တဲ့အခါမှာ ကျိုင်းတုံမြို့မှတစ်ဆင့် သွားလာနေရတဲ့အတွက် အခက်အခဲ များရှိနေပါတယ်။ မက်မန်းမြို့နယ်ပညာရေးမှူးရုံးအား မိုင်းဖြတ်ခရိုင်ပညာရေးမှူးရုံး ကွပ်ကဲမှု အောက်မှ ကျိုင်းတုံခရိုင်ပညာရေးမှူးရုံးအောက်ကို ထည့်သွင်းပြောင်းရွှေ့ပါက ရုံးလုပ်ငန်းများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပညာရေးမှူးရုံးမှလည်း တင်ပြထားရှိပါတယ်။ ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်း မြို့နယ်ပညာရေးမှူးရုံးအား ကျိုင်းတုံခရိုင်ပညာရေးမှူးရုံးအောက်သို့ ပြောင်းရွှေ့နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေနဲ့ မက်မန်းမြို့နယ်အား ကျိုင်းတုံခရိုင်ဖွဲ့စည်းပုံတွင် ပြင်ဆင်ထည့်သွင်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရသည့် ထောက်ခံစာများအနက် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူ၏ထောက်ခံစာကိုပယ်ဖျက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး ဖြစ်ပါ တယ်။ ကျွန်မမေးမြန်းမယ့်မေးခွန်းကတော့ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရသည့် ထောက်ခံစာများအနက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှတာဝန်ရှိသူ၏ ထောက်ခံစာကိုပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မကြာမီကာလမှာ တက္ကသိုလ်ဝင်ခွင့်အောင်စာရင်းများ ထုတ်ပြန်မှာဖြစ်ပါတယ်။ အောင်မြင်ကြတဲ့ကျောင်းသားကျောင်းသူများဟာ မိမိနှစ်သက်ရာတက္ကသိုလ်/ကောလိပ်များကို ဦးစားပေးစနစ် အစီအစဉ်ဖြင့် ဝင်ခွင့်လျှောက်လွှာ လျှောက်တင်ကြရမှာဖြစ်ပါတယ်။ ဒီလိုလျှောက်ထားရာမှာ အမှတ်စာရင်း၊ ဦးစားပေးရွေးချယ်လိုတဲ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးရဲ့ ကျန်းမာရေးစစ်ဆေးချက်တစ်စောင်၊ ရပ်ကွက်/ကျေးရွာဥက္ကဋ္ဌရဲ့ ရပ်ကွက်/ကျေးရွာအတွင်းနေထိုင်ကြောင်းထောက်ခံချက်နှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတွေရဲ့ထောက်ခံစာတစ်စောင်ကို ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။ အဲဒီလိုတင်ပြကြတဲ့ထောက်ခံစာများအနက်မှ တက္ကသိုလ်ဝင်ခွင့်လျှောက်ကြတဲ့နေရာမှာ ကလေးများဟာ ဆေးရုံသွားလိုက်ရ၊ ရဲစခန်းသွားလိုက်ရနဲ့ ထောက်ခံစာများကို အဆင်ပြေစွာရရှိကြတာတော့မဟုတ်ပါဘူး။ တာဝန်ရှိသူများမအားလပ်တဲ့အခါမှာ ညအိပ်ပြီးစောင့်ကြရတဲ့အခါမှာလည်း ကြုံတွေ့ကြရပါတယ်။ ရန်ပုံငွေလည်း ၅၀၀ သို့မဟုတ် ၁၀၀၀ တော့ပေးကြရပါတယ်။ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာတွေဟာ ကျွန်မတို့ငယ်ငယ်ကတည်းက ယနေ့အထိ ထုံးစံတစ်ခုလိုယူနေကြရတာဖြစ်ပါတယ်။ ပြစ်မှုပြစ်ဒဏ်စာရင်းတစ်စုံတစ်ရာကိုမျှ ကိုးကားခြင်းမဟုတ်ဘဲ ရဲဝန်ထမ်းစာရေးမှဖောင်ဖြည့်ပြီး သက်ဆိုင်ရာရဲအရာရှိတစ်ဦးမှ လက်မှတ်ထိုးပေးခဲ့တာပဲ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်ကိုစိစစ်တဲ့ဌာနမှာလည်း တကယ်စိစစ်ပြီးမှ ပြစ်မှုမကင်းရှင်းကြောင်း တွေ့လာလို့ရှိရင် တက္ကသိုလ်တစ်လျှောက်မှာ ထောက်လှမ်းခံရတာတွေ၊ စစ်ဆေးခံရတာတွေ မပြုလုပ်ဘူးဆိုရင် အဲဒီပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာဟာ တက္ကသိုလ်ဝင်ခွင့်မှာ အသုံးမပြုတဲ့ထောက်ခံစာတစ်ခုသာ ဖြစ်ပါတယ်။ အဲဒီအပြင် ယခုကာလမှာ ပြစ်မှုကြောင့် အကျဉ်းထောင်ထဲမှာ အကျဉ်းကျခံနေရတာကနေပြီးတော့ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို ထူးချွန်စွာအောင်မြင်နေတဲ့အတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး တက္ကသိုလ်တက်စေတာလည်းရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဌာနဆိုင်ရာများအတွက်ရော၊ ကျောင်းသားထုအတွက်ပါ ခိုင်လုံသောအထောက်အထားဖြင့် ထောက်ခံစာလို့ မမှတ်ယူနိုင်တဲ့အတွက်၊ ခေတ်ကာလနှင့်လည်းမလျော်ညီတဲ့အတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများနဲ့အတူ ပူးတွဲတင်ပြရတဲ့ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာကို ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး၏မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွေရဲ့စာမျက်နှာ(၂)မှာ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာနဲ့ ကျန်းမာကြောင်းထောက်ခံစာတွေကို တင်ပြရမည်ဟု ထည့်သွင်းဖော်ပြသတ်မှတ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများမှစ၍ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွေရဲ့ စာမျက်နှာ(၂)မှာ အဆိုပါထောက်ခံစာများ ပူးတွဲတင်ပြရမည်

ဟု ထည့်သွင်းဖော်ပြသတ်မှတ်ထားမှုမရှိတော့ပါကြောင်းနှင့် မနှစ်က ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်ရဲ့စာမျက်နှာ(၁)မှာလည်း ဒါတွေကို ကျွန်တော်တို့ထောက်ခံစာတွေတင်ပြရမယ်လို့ ထည့်သွင်းဖော်ပြထားခြင်းမရှိတော့ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာအစီရင်ခံ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရှင်။ လမ်းညွှန်မှာတော့ ၂၀၁၇ ခုနှစ်မှာမဖော်ပြထားသော်လည်း ကျွန်မတို့ရဲ့မြို့နယ်များ မှာတော့ ၂၀၁၇ ခုနှစ်အထိ ယူနေရဆဲပဲဖြစ်ပါတယ်။ ဒီအတိုင်းပါပဲ တစ်နှစ်မှမလွတ်ပါဘူး။ အဲဒီအတွက် အဲဒီဟာကို ကျွန်မတို့မြို့နယ်များထိရောက်အောင်၊ သိရှိအောင်လို့ အစီအစဉ်မည်ကဲ့သို့ လုပ်ဆောင်ပေးမလဲဆိုတာကိုလည်း သိလိုပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးအနေနဲ့ ဖြေနိုင်ကဖြေပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဒါကိုတော့ ကျွန်တော် တို့ပြန်လည်ပြီးတော့ စိစစ်လိုက်ပါမယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းထုတ်ပြန်ပြီးတာနဲ့ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွေကိုလည်း အချိန်မီ ထုတ်ပြန်နိုင်ဖို့အတွက် ကျောင်းသားကျောင်းသူတွေလက်ထဲကို ရောက်ရှိနိုင်ဖို့အတွက် စီစဉ် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် တီဗွီတွေမှာရော၊ သတင်းစာတွေမှာရော၊ မီဒီယာတွေနဲ့ရော ကျွန်တော်တို့ဒီဟာတွေသည် ပူးတွဲတင်ပြဖို့အတွက် မလိုအပ်တော့ပါဘူးဆိုတာတွေကို ကျယ်ကျယ် ပြန့်ပြန့်နဲ့စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရော၊ ပြည်သူအားလုံးကလည်း ဒီလုပ်ငန်းလေးအောင်မြင်ဖို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒီပဲယင်းမြို့နယ်၊ ဆပ်လူးပိတ်ချင်းတော အလယ်တန်းကျောင်းတွင် ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သော ၁၇၀ ပေ x ၃၀ ပေ x ၁၂ ပေ ရှိ ကျောင်းဆောင်အတွက် လိုအပ်သော ရန်ပုံငွေကို ပညာရေးဝန်ကြီးဌာန မှ ဆောင်ရွက်ပေးရန် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့မြို့နယ် ဆပ်လူး ပိတ်ချင်းတောကျေးရွာ အလယ်တန်းကျောင်းမှာ ပြည်သူလူထုမှ ထည့်ဝင်လှူဒါန်းမှု ကျပ်သိန်း ၃၂၀ ဖြင့် (၁၇၀ ပေ x ၃၀ ပေ x အမြင့် ၁၂ ပေ)ရှိ သွပ်မိုးတစ်ထပ်ဆောင်ကို ကွန်ကရစ်တိုင် များဖြင့် ဆောက်လုပ်ထားပါတယ်။ အခင်း၊ အကာနှင့် မျက်နှာကြက် မပါရှိသေးပါသဖြင့် ပညာရေးဝန်ကြီး ဌာနအနေဖြင့် လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျေးရွာအုပ်စုဟာ ဒီပဲယင်းမြို့နယ်ရဲ့

အနောက်တောင်ဘက်စွန်း မြို့နဲ့မိုင် ၃၀ ကျော်အကွာအဝေးမှာ ရှိပါတယ်။ မိဘပြည်သူတွေက လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်ကတည်းက အလယ်တန်းကျောင်းအဆင့်မျှော်မှန်းပြီး ဆောက်ခဲ့တဲ့ ကျောင်းဆောင်ပါ။ ယခု ခြောက်နှစ်ကျော် ကြာမြင့်ခဲ့ပါပြီ။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အလယ်တန်းကျောင်းအဖြစ်လည်း တိုးမြှင့်ပေးလိုက်ပါတယ်။ ကျောင်းသားကျောင်းသူအားလုံးလည်း ၄၀၀ ကျော် ရှိပါတယ်။ သို့သော်လည်းပဲ ယခင် (၄၀ ပေ x ၂၄ ပေ x အမြင့် ၁၂ ပေ)ရှိတဲ့ သွပ်မိုး ကျောင်းဆောင်လေးတုန်းကလည်း ပြည်သူလူထုရဲ့ထည့်ဝင်ငွေနဲ့ပဲ ဆောက်ခဲ့ရပါတယ်။ ကျေးရွာနေ ပြည်သူလူထုကတော့ သူတို့ရဲ့အဓိကဝင်ငွေက ပဲစင်းငုံနဲ့ဇီး စိုက်ပျိုးခြင်းဖြစ်ပါတယ်။ ဒီထွက်ကုန် နှစ်မျိုးလုံးဟာ နှစ်စဉ်ဆက်တိုက်စျေးကွက်ပျက်သွားခဲ့ပါတယ်။ ဒါကြောင့် ကျေးရွာနေ လယ်သမား တွေအားလုံးဟာ စီးပွားရေးအခက်အခဲရှိပါတယ်။ ဒါကြောင့် ကျောင်းဆောင်ရဲ့ ကျန်လုပ်ငန်းတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တော့မှာ မဟုတ်ပါဘူး။ နိုင်ငံတော်ကိုပဲ အားကိုးတကြီး တင်ပြတောင်းခံ ခဲ့တာဖြစ်ပါတယ်။ ဘာဖြစ်လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၆ နှစ်ကြာသည့်အထိ ကူညီထောက်ပံ့ မပေးခဲ့တာကို လေ့လာကြည့်တော့ ဌာနရဲ့ Design နဲ့မကိုက်လို့ မပေးတာလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ပညာရေးဌာနကို လေ့လာကြည့်တဲ့အခါကျတော့ Estimate တွေ၊ ကန်ထရိုက်စာချုပ်တွေကို မိတ္တူပေးပါလို့ ကျွန်တော်တောင်းဆို မေတ္တာရပ်ခံခဲ့ဖူးပါတယ်။ တစ်နှစ်မှ လည်း မရခဲ့ပါဘူး။ ဒါပေမဲ့ ဒီနှစ်မှာတော့ ကျောင်းဆောက်တဲ့ကုမ္ပဏီတစ်ခုက ၁၀၀ ရာခိုင်နှုန်းပြီးစီး ကြောင်း လာရောက်စစ်ဆေးပေးပါလို့ တောင်းဆိုပါတယ်။ ဘာမှလည်းမသိရတဲ့အနေအထားက နေပြီးတော့ ဘာကိုစစ်ရမယ်ဆိုတာ ကျွန်တော်မသိပါဘူး။ ဒါ အတွေ့အကြုံကို တင်ပြခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ မေတ္တာရပ်ခံပါတယ်ခင်ဗျ။ ဒါကတော့ ဆပ်လူးပိတ်ချင်းတော ကျောင်းဆောင်တွေကိုပဲ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ နဂါးဘို၊ လက်လှုပ်ရွာ တို့မှာရှိတဲ့ ကျောင်းဆောင်တွေဖြစ်ပါတယ်။ ဒီကျောင်းဆောင်တွေဟာလည်း ပြည်သူလူထု ထည့်ဝင်ငွေတွေနဲ့ပဲ ဆောက်တာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့မှာ အများကြီးအခက်အခဲရှိတဲ့အတွက် လိုအပ်ချက်တွေများပါတယ်။ နိုင်ငံတော်ကပံ့ပိုးမှသာ ကျောင်းသားကျောင်းသူများအတွက် အခက်အခဲ မရှိမှာ ဖြစ်ပါတယ်။ သို့ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆပ်လူးပိတ်ချင်းတောကျေးရွာ မိဘပြည်သူများရဲ့စွမ်းအားကို ဖြည့်ဆည်းဆောင်ရွက်သည့်အနေဖြင့် ကွင်းဆင်းကြည့်ရှုပြီး ပြန်လည် တွက်ချက်ကာ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလို၍ မေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်၏ မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုဖို့အတွက် လေးစားစွာတင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ ဆပ်လူးပိတ်ချင်း

တောကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းမှာ (၁၇၀ ပေ x ၃၀ ပေ)သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်၊ (၆၃ ပေ x ၁၈ ပေ)သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်နှင့် (၄၈ ပေ x ၁၈ ပေ)သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း သုံးဆောင်ရှိပြီး ကျောင်းသားကျောင်းသူဦးရေမှာ မူလတန်းအဆင့်မှာ ၂၁၄ ဦး၊ အလယ်တန်းအဆင့်မှာ ၁၃၄ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူဦးရေ ၃၄၈ ဦး ပညာသင်ယူလျက်ရှိကြပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဆပ်လူးပိတ်ချင်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရဲ့ အဝင်ဖြစ်ပါတယ်။ ဒါ (၁၇၀ ပေ x ၃၀ ပေ)သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် ကျွန်တော်တို့ ဒါကို ပြည်သူလူထုရဲ့ထည့်ဝင်ငွေနဲ့ ဆောက်လုပ်ဆဲ ဖြစ်ပါတယ်။ ဒါကတော့ (၆၃ ပေ x ၁၈ ပေ)သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် ဖြစ်ပါတယ်။ ဒီအဆောက်အဦကတော့ (၄၈ ပေ x ၁၈ ပေ) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ ဆပ်လူးပိတ်ချင်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပြည်သူလူထု၏ထည့်ဝင်ငွေဖြင့် ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သော (၁၇၀ ပေ x ၃၀ ပေ)ကျောင်းဆောင်အား အပြီးသတ်ပြင်ဆင်ခြင်းဆောင်ရွက်ရန်အတွက် လိုအပ်တဲ့ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ခွဲဝေဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဟုမ္မလင်းမြို့တွင် ချင်းတွင်းအထက်ပိုင်းဒေသ ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကောလိပ်တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ချင်းတွင်း(အထက်ပိုင်း)ဒေသပညာရေးကို တိုးတက်ဖွံ့ဖြိုးရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့တွင် ပညာရေးကောလိပ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရခြင်း အကြောင်းအရင်းကို အနည်းငယ်ရှင်းပြချင်ပါတယ်။ ယခုမျက်မှောက်ခေတ် အခြေခံပညာရေးမှာ သင်ယူနေတဲ့ ကျောင်းသားများဟာ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတိုးလာပါတယ်။ ကျောင်းတွေကလည်း လိုအပ်ချက်အရ စိစစ်ပြီးတိုးမြှင့်ပေးနေရပါတယ်။ တိုးလာတဲ့ကျောင်းတွေနဲ့ ကျောင်းသားဦးရေတွေအတွက် ဆရာလိုအပ်ချက်ကလည်း အမြဲတမ်းဖြစ်ပေါ်နေမှာဖြစ်ပါတယ်။ လိုအပ်နေတဲ့အရည်အချင်းပြည့် အခြေခံဆရာဆရာမများ၊ အထူးသဖြင့် မူလတန်းအထူးပြုနှင့် အလယ်တန်းအထူးပြုဆရာများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပညာရေးကောလိပ်များကိုတော့ မဖြစ်မနေတိုးချဲ့ ဖွင့်လှစ်ပေးရမှာ ဖြစ်ပါတယ်။ နန်းယွန်းမြို့မှာကျင်းပတဲ့ နာဂပွဲတော်မှာ ပညာရေးဌာနပြခန်းမှာ ပြသထားတဲ့စာရင်းဇယားများအရ ချင်းတွင်းဒေသ(အထက်ပိုင်း) မော်လိုက်မှ နန်းယွန်းအထိ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသားပေါင်း ၁၂၅၃၀၀ ရှိပြီး အလယ်တန်းအဆင့်နှင့် မူလတန်း

ပြဆရာဆရာမ စုစုပေါင်း ၅၅၇၈ ဦး ရှိတာကို တွေ့ရှိရပါတယ်။ ဒီဆရာဆရာမများရဲ့အရည်အချင်းကို စဉ်ဆက်မပြတ် အနီးကပ်မြှင့်တင်ပေးနိုင်ရန်လည်း လိုအပ်ပါတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအရ ပညာရေးပြုပြင်ပြောင်းလဲနေချိန် ဖြစ်ပါတယ်။ ပြောင်းလဲနေတဲ့ဖြစ်စဉ်အရ ဆရာဆရာမများရဲ့အရည်အချင်းကိုလည်း စဉ်ဆက်မပြတ် မြှင့်တင်ပေးဖို့လိုအပ်ပါတယ်။ စဉ်ဆက်မပြတ် ဖြည့်တင်းမြှင့်တင်ပေးနိုင်မယ့်နေရာဌာနတစ်ခုလည်း ကျွန်တော်တို့ရဲ့ချင်းတွင်း(အထက်ပိုင်း)ဒေသမှာ ရှိဖို့လိုအပ်ပါတယ်။ ဟုမ္မလင်းမြို့နယ်ဟာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိပါတယ်။ နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခန္တီးခရိုင်အတွင်းမှာရှိတဲ့ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်သင် ကျောင်းဆရာဆရာမများမှာ ၃၈၇၂ ဦးရှိတဲ့အနက် ကျွန်တော်တို့ဟုမ္မလင်းမြို့နယ်မှာ ၂၂၁၆ ဦးရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် နာဂဒေသနှင့် ချင်းတွင်း(အထက်ပိုင်း) ပညာရေးကို စောင့်ကြည့်မြှင့်တင်ပေးဖို့ ဟုမ္မလင်းမြို့မှာလည်း ပညာရေးကောလိပ်တစ်ခုတော့ ထားရှိသင့်ပါတယ်။ ပညာရေးကောလိပ်တစ်ခုရှိခြင်းသည် သင်ကြားမှု၊ သင်ယူမှုနည်းလမ်းများ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်အတွက် ဒေသအတွင်း အဆင်ပြေစွာ ဦးဆောင်လှုပ်ရှားနိုင်မှာဖြစ်ပါတယ်။ ယခုဆိုရင် တစ်နိုင်ငံလုံးမှာ G-2 အတွက် သင်ကြားသင်ယူပြောင်းလဲပုံနည်းလမ်းများ သင်ပေးနေချိန်လည်း ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးရဲ့ဆရာကျောင်းသားများ အောင်ချက်ရာခိုင်နှုန်းပြဇယားပါ။ နန်းယွန်းပွဲတော်မှာ တွေ့ရှိခဲ့တာပါ။ ဒါကတော့ ကျွန်တော်တို့ဟုမ္မလင်းမြို့နယ်ရဲ့ကျောင်း၊ ကျောင်းဆရာ၊ ကျောင်းသားကျောင်းသူဦးရေစာရင်းပါ။ ကျောင်းပေါင်း ၃၁၁ ကျောင်းရှိပြီးတော့မှ ကျောင်းဆရာ ၂၄၁၅ ဦး ရှိပါတယ်။ သင်ကြားနေတဲ့ ကျောင်းသူကျောင်းသားဦးရေကတော့ ၆၀၇၆၆ ဦးရှိပြီးတော့မှ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးမှာတော့ ဟုမ္မလင်းမြို့နယ်ဟာ ဒုတိယကျောင်းသားဦးရေအများဆုံးမြို့လည်း ဖြစ်ပါတယ်။ ဒါကတော့ ဟုမ္မလင်းမြို့နယ်မှာ G-2 ဆင့်ပွားသင်တန်းကို ဆရာဆရာမတွေ တက်တက်ကြွကြွသင်ကြားနေကြတာ ဖြစ်ပါတယ်။ ဒါဟာ သင်ကြားမယ့်၊ ပြသမယ့် သင်တန်းနည်းပြဆရာဆရာမများဟာ ကြိုတင်ပြင်ဆင်နေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါ ကျွန်တော်ကိုယ်တိုင်သွားရောက်ပြီးတော့မှ ကြည့်ရှုအားပေးခဲ့တာ ဖြစ်ပါတယ်။ ဒါ ဆရာဆရာမတွေ စိတ်ဝင်တစား သင်ကြားမှု၊ သင်ယူမှုပြုလုပ်နေကြတာ တွေ့ပါတယ်။ ကျေးဇူးတင်ပါတယ်။ အခုကျွန်တော်သွားရောက်တွေ့ဆုံတဲ့အခါမှာတော့ အဆင်ပြေမှုတွေရှိသလားလို့ မေးတဲ့အခါမှာ ဆရာဆရာမများရဲ့ပြောကြားချက်အရတော့ ရှေ့မှာသင်တန်းနည်းပြဆရာမပြတဲ့ ကွန်ပျူတာလေးတစ်ခုကို ဆရာဆရာမ ၃၀၊ ၄၀ ဦးလောက် ဝိုင်းပြီးကြည့်နေရတာကို တွေ့ရှိခဲ့ရပါတယ်။ ဒါတွေဟာလည်း ကျွန်တော်တို့ဘက်မှာတော့ အားနည်းချက်တွေပါ။ အဆင်မပြေမှုလေးတွေကြားထဲကနေ ကြိုးစားသင်ယူနေကြတဲ့ ဆရာဆရာမများကို တွေ့ခဲ့ကြရတာဖြစ်ပါတယ်။ တကယ်လို့သာ ကျွန်တော်တို့ဘက်မှာ ပညာရေးကောလိပ်တစ်ခုရှိခဲ့ပါက များစွာအထောက်အကူပြုလာမှာဖြစ်သည့်အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာ တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ စစ်ကိုင်းပညာရေးကောလိပ်၊ မုံရွာပညာရေးကောလိပ်နှင့် ကသာပညာရေးကောလိပ်ဆိုပြီး ပညာရေးကောလိပ်စုစုပေါင်း သုံးကျောင်းဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ အဲဒီထဲမှာတော့ ကသာပညာရေးကောလိပ်ကတော့ ဖွင့်လှစ်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါပညာရေးကောလိပ်များမှာ လုပ်ငန်းခွင်ကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်း(D.T.Ed)နှင့် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာဒီပလိုမာသင်တန်း(PPTT)သင်တန်းတို့ကို ဖွင့်လှစ်ပေးလျက်ရှိပြီး နှစ်စဉ် D.T.Ed ဘွဲ့ရ၊ လက်မှတ်ရ ဆရာဆရာမ ၄၀၀ ဦးနှင့် PPTT လက်မှတ်ရ ဆရာဆရာမ ၄၀၀ ဦး စုစုပေါင်း ၈၀၀ ဦးကို ကျွန်တော်တို့ မြို့နယ်အလိုက် ခွဲတမ်းအရ တက်ရောက်ပြီးတော့မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးမှာ မူလတန်းအဆင့်သင်ဆရာဆရာမဦးရေ ၂၄၇၆၉ ဦးရှိပြီး မူလတန်းကျောင်းသားကျောင်းသူဦးရေ ၅၄၄၄၅၅ ဦးရှိတဲ့အတွက် ဆရာ၊ ကျောင်းသားအချိုးဟာ ၁ း ၂၂ ဖြစ်ပါတယ်။ ခန္တီးခရိုင်မှာတော့ မူလတန်းအဆင့်သင်တဲ့ ဆရာဆရာမဦးရေ ၂၅၅၂ ဦးရှိပြီး မူလတန်းကျောင်းသားကျောင်းသူဦးရေစုစုပေါင်း ၆၁၈၄၄ ဦးရှိတဲ့အတွက် ဆရာ၊ ကျောင်းသားအချိုးဟာ ၁ း ၂၄ ဝန်းကျင်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဆရာနှင့် ကျောင်းသားအချိုးအရလည်းကောင်း၊ ခန္တီးခရိုင်အတွင်းမှာ ဆရာနှင့် ကျောင်းသားအချိုးအရလည်းကောင်း ဆရာခန့်ထားမှုဟာလည်းပဲ လုံလောက်မှုရှိနေပါသေးတယ်။ ပြီးရင်လည်းပဲ ပြုန်းတီးအင်အားအရ တွက်မယ်ဆိုလို့ရှိရင်လည်းပဲ ဆရာသည် တစ်နှစ်ကို ခန္တီးခရိုင်ဝန်းကျင်မှာဆိုလို့ရှိရင် ရာဂဏန်းဝန်းကျင်လောက်ပဲရှိတာသည် ကျွန်တော်တို့အခုနတုန်းက သင်တန်းဆင်းတဲ့ဆရာဆရာမတွေရဲ့အင်အားနဲ့ လုံလောက်မှုရှိနေသေးတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ပြီးရင် နှစ်နှစ်သင်ပညာရေးကောလိပ် ၂၅ ကျောင်းကို လေးနှစ်သင်ပညာရေးဒီကရီကောလိပ်များအဖြစ် ၂၅ ကျောင်းစလုံးကို အဆင့်မြှင့်တင်ပေးဖို့လို့အတွက်ကိုလည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့မှာ ပညာရေးကောလိပ်တွေမှာ လိုအပ်တဲ့ Teacher Educators တွေ ရရှိဖို့လို့ဟာလည်းပဲ ကျွန်တော်တို့စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြီးရင် ဟုမ္မလင်းမြို့မှာလည်းပဲ ဟုမ္မလင်းကောလိပ်ကို ပညာရေးဝန်ကြီးဌာနအနေနဲ့ ဖွင့်လှစ်ပေးနိုင်ဖို့ကိုလည်းပဲ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လောလောဆယ်အခြေအနေမှာတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့မှာ ပညာရေးကောလိပ်တစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးနိုင်ဖို့အတွက်တော့ ပညာရေးဝန်ကြီးဌာနမှာ အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာအစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း သို့မဟုတ် လက်မှုပညာသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ဒေသလိုအပ်ချက်အရ ပညာရေးဝန်ကြီးဌာနမှ အစိုးရနည်းပညာအထက်တန်းကျောင်း သို့မဟုတ် လက်မှုလုပ်ငန်းပညာသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြေနေရာရရှိရေး ချထားဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာ လူဦးရေ ၃၇၀၀၀၀ ခန့်ရှိပြီး စက်မှုဇုန်လေးဇုန်ရှိကာ စက်မှုလက်မှုလုပ်ငန်း စက်ရုံ၊ အလုပ်ရုံပေါ်များသော မြို့နယ်ဖြစ်သည့်အတွက် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစေရန် အသက်မွေးဝမ်းကျောင်းနည်းပညာသင်ကြားလိုသော လူငယ်လူရွယ်များ နည်းပညာတတ်ကျွမ်းမှုရှိစေရန်နှင့် လွယ်ကူစွာ သင်ကြားနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေရေး၊ စက်ရုံအလုပ်ရုံများအတွက် ကျွမ်းကျင်ဝန်ထမ်းရရှိရေး စသဖြင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်အရ စက်မှုလက်မှုအထက်တန်းကျောင်းနှင့် လက်မှုပညာသင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန် ၁၈-၈-၂၀၁၇ ရက်နေ့တွင် ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့ပါတယ်။ ၂၄-၈-၂၀၁၇ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးမှ အစိုးရနည်းပညာအထက်တန်းကျောင်း သို့မဟုတ် လက်မှုလုပ်ငန်းပညာသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ပထမဦးစွာ မြေနေရာရရှိရန်လိုအပ်ပြီးတော့ မြေနေရာရရှိနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သလိုစီမံဆောင်ရွက်ပေးမည်ဆိုပါက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် အဆောက်အဦများဆောက်လုပ်နိုင်ရေး၊ ဝန်ထမ်းများခန့်ထားရေး၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေးတို့အတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များမှ ၁၀-၉-၂၀၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ စာဖြင့်သော်လည်းကောင်း၊ လူချင်းတွေ့ဆုံ၍သော်လည်းကောင်း ဒဂုံမြို့သစ်(တောင်ပိုင်း)(၁၀၅)ရပ်ကွက် လှော်ကားလမ်းမကြီးဘေးရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ ၁၄ ဧကကို တောင်းခံခဲ့ရာ ဝန်ကြီးချုပ်မှ ခွင့်ပြုပေးပြီးဖြစ်သည်ဟု လူချင်းတွေ့ဆုံဖြေကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဒဂုံမြို့သစ်(တောင်ပိုင်း)(၁၀၅)ရပ်ကွက် လှော်ကားလမ်းမကြီးဘေးရှိ မြေ ၁၄ ဧကပေါ်တွင် လိုအပ်သည့်မြေနေရာလျာထား

မှုကြမ်း

သတ်မှတ်ရယူ၍ အစိုးရနည်းပညာအထက်တန်းကျောင်း သို့မဟုတ် လက်မှုလုပ်ငန်းပညာသင်ကျောင်း ဖွင့်လှစ်ပေးနိုင်ရေး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာ အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ပေးနိုင်ရေးအတွက် အခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပဲ။ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၁၀၅) ရပ်ကွက် လှော်ကားလမ်းမကြီးဘေးရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ ၁၄ ဧက၏ မြေပြင်အခြေအနေအပေါ် မူတည်၍ စာသင်ဆောင်၊ အလုပ်ရုံ၊ ကျောင်းသားအိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများပါဝင်တဲ့ Master Plan တစ်ခုရေးဆွဲပြီး လိုအပ်မယ့်မြေဧရိယာအကျယ်အဝန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ မြေနေရာလွှဲပြောင်းရယူပြီးပါက လိုအပ်သောအဆောက်အဦများဆောက်လုပ်ခြင်း၊ ဝန်ထမ်းများခန့်ထားခြင်း၊ သင်ထောက်ကူပစ္စည်းများဖြည့်ဆည်းပေးခြင်းတို့အတွက် လိုအပ်သောဘဏ္ဍာငွေများကို ဘဏ္ဍာရေးနှစ်အလိုက်လုပ်ထုံးလုပ်နည်းနှင့်အညီ ထည့်သွင်းလျာထားဆောင်ရွက်သွားဖို့အတွက် စီစဉ်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

အခုဆိုရင် ပညာရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးကဆိုလို့ရှိရင် လှိုင်သာယာမြို့နယ်ပြီးရင် ဒဂုံမြို့သစ်(တောင်ပိုင်း)သည် လူဦးရေ အင်မတန်များပြားတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လည်းပဲ အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်နိုင်ရေးအတွက်ကို ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရနည်းပညာအထက်တန်းကျောင်းတွေနဲ့ GTI တွေကလည်းပဲ တစ်နိုင်ငံလုံးတိုးချဲ့ဖွင့်လှစ်ပြီးတော့မှ ရက်တိုသင်တန်းတွေကလည်း မြန်မြန်ဖွင့်လှစ်စီစဉ်ဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် သူ့ရဲ့သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက်တော့ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများအား ၎င်းတို့မိသားစုများနှင့် အနီးစပ်ဆုံးရှိ ရာထူးတာဝန်နှင့်ကိုက်ညီသော စာသင်ကျောင်းများတွင် ဦးစားပေးတာဝန်ချထားပေးနိုင်ပါရန် အစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် သက်ဆိုင်ရာပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးဝင်းဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများအား ၎င်းတို့မိသားစုများနှင့် အနီးစပ်ဆုံးရှိ ရာထူးတာဝန်နှင့်ကိုက်ညီသော စာသင်ကျောင်းများတွင် ဦးစားပေးတာဝန်ချထားပေးနိုင်ပါရန် အစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အချို့ပညာရေးဝန်ထမ်း ဆရာဆရာမများဟာ ၎င်းတို့မိသားစုနဲ့ဝေးကွာလှတဲ့ တိုင်းဒေသကြီးကျော်၊ ပြည်နယ်ခြားဒေသတွေမှာ တာဝန်ထမ်းဆောင်နေရခြင်း၊ တိုင်းဒေသကြီးအတွင်း ဝေးလံလှတဲ့မြို့များမှာ တာဝန်ထမ်းဆောင်နေကြရခြင်း၊ နိုင်ငံတော်မှ အခြေခံပညာရေးဝန်ထမ်းများအတွက် အိမ်ရာအဆောက်အဦများ လုံလောက်စွာ တည်ဆောက်မပေးနိုင်သေးခြင်း၊ ၎င်းတို့တာဝန်ထမ်းဆောင်ရာမှာ ကိုယ်စိတ်နှစ်ပါး စိတ်ချလုံခြုံစွာရှိစေရန်အတွက် လိုအပ်ခြင်း၊ သွားလာရေးအဆင်ပြေစေရန်နှင့် မိသားစုစားဝတ်နေရေး ပိုမိုအဆင်ပြေမှုရှိစေရေးတို့အတွက် အနာဂတ်ကျောင်းသားလူငယ်တို့ရဲ့ ပညာရေးကို စိတ်ချမ်းမြေ့စွာသင်ယူနိုင်ရေးတို့အတွက် အလွန်ပင်အရေးကြီးတဲ့ လိုအပ်ချက်ပဲဖြစ်ခြင်းကြောင့် အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ပြည်သူများရဲ့ ပညာရေးတိုးတက်စေဖို့အတွက် ဆရာဆရာမများရဲ့ စားဝတ်နေမှုဖူလုံရေးဟာ အရေးကြီးသလို သင်ကြားပို့ချသူဆရာဆရာမများနှင့် သင်ယူသူကျောင်းသားကျောင်းသူတို့ရဲ့ စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရေးတို့ဟာလည်း အရေးကြီးတဲ့ လိုအပ်ချက်ပဲဖြစ်ပါတယ်။ ဆရာဆရာမတွေရဲ့ စားဝတ်နေမှု ဖူလုံဖို့အတွက်ဆိုလို့ရှိရင် လုံလောက်တဲ့လစာတွေတိုးပေးဖို့လိုသလို ဝန်ထမ်းအိမ်ရာတွေကိုလည်း ပြည့်စုံစွာ တည်ဆောက်ပေးရမှာဖြစ်ပါတယ်။ ယခုအချိန်မှာ တိုင်းပြည်ရဲ့ဘဏ္ဍာငွေအခြေအနေအရ လုံလောက်သောလစာတွေကို တိုးပေးနိုင်မှုမရှိသေးသလို ဝန်ထမ်းအိမ်ရာတွေလည်း ပြည့်စုံလုံလောက်စွာ တည်ဆောက်မပေးနိုင်သေးတဲ့ အခြေအနေပဲဖြစ်ပါတယ်။ နေထိုင်စရာအဆောက်အဦလုံခြုံမှုနှင့်

ပတ်ဝန်းကျင်လုံခြုံမှုရှိရုံသာမက စားဝတ်နေရေးဖူလုံမှုရှိမှသာလျှင် ဆရာဆရာမတို့နှင့် ကျောင်းသားကျောင်းသူတို့ရဲ့ စိတ်ချမ်းမြေ့စွာ သင်ကြားသင်ယူနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာဆရာမများအတွက် လုံခြုံစိတ်ချရတဲ့ဝန်ထမ်းအိမ်ရာများနှင့် လုံလောက်တဲ့လစာ တိုးမပေးနိုင်သေးတဲ့ကာလမှာ ၎င်းတို့ရဲ့စားဝတ်နေရေးဖူလုံမှုနှင့် ၎င်းတို့မိသားစုနှင့် အနီးစပ်ဆုံးမှာရှိတဲ့ ရာထူးတာဝန်နှင့်ကိုက်ညီတဲ့ စာသင်ကျောင်းတွေမှာ ဦးစားပေးပြီးတော့ တာဝန်ချထားပေးသင့်လှပါတယ်။ အချို့ဆရာဆရာမတွေဆို မိသားစုနှင့်ဝေးကွာလှတဲ့ တိုင်းဒေသကြီးကျော်၊ ပြည်နယ်ခြားဒေသတွေကို တာဝန်ချထားပေးလို့ စားဝတ်နေရေးအပြင် ခရီးသွားလာရေးအဆင်မပြေမှု၊ ဒေသခံဘာသာစကားမကျွမ်းကျင်လို့ ဆက်ဆံရေးအခက်အခဲများနှင့်လည်း ကြုံတွေ့နေရတာတွေ ရှိသလို မိမိဒေသ၊ မိမိမြို့နယ် မိသားစုနှင့်အနီးစပ်ဆုံးမှာရှိတဲ့ ရာထူးတာဝန်နှင့် ကိုက်ညီတဲ့စာသင်ကျောင်းတွေမှာ တာဝန်ထမ်းဆောင်ခွင့်ရရှိဖို့အတွက် လျှောက်ထားတဲ့အခါတွေမှာလည်း အလွယ်တကူ မရရှိဘဲနဲ့ အခက်အခဲတွေကြုံတွေ့နေရတာလည်း ကြားသိရပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် အထက်လူကြီးနှင့်ကပ်မိမှ လစာရဲ့ ခြောက်လစာလောက်ပေးနိုင်မှဆိုသလို ဖြစ်နေတာတွေလည်း ကြားသိနေရပါတယ်။ အဲဒီအပြင် ဆရာဆရာမတွေရဲ့ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာလိုင်းစာရေးတွေကလည်း အဂတိလိုက်စားမှုရှိနေကြောင်းကိုလည်း ကြားသိရပါတယ်။ အခုအချိန်မှာ အဲဒီလို လာဘ်ပေးလာဘ်ယူမှုတွေလည်း မရှိသင့်တော့ပါဘူး။ ကျွန်တော့်မဲဆန္ဒနယ် မင်းဘူးစကုမြို့နယ်မှာဆိုရင် တိုင်းဒေသကြီးကျော်၊ ပြည်နယ်ခြားက တာဝန်ထမ်းဆောင်တဲ့ ဆရာဆရာမတွေရှိသလို တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဝေးကွာလှတဲ့မြို့များမှ ဆရာဆရာမတွေကိုလည်း တာဝန်ချထားပေးနေတာတွေ့ရပါတယ်။ ဥပမာပြောရမယ်ဆိုလို့ရှိရင် မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စေတုတ္တရာမြို့နယ်၊ ဆောမြို့နယ်၊ စလင်းမြို့နယ်က ဆရာဆရာမတွေကို မင်းဘူးစကူးမြို့နယ်ထဲကို တာဝန်ချထားပေးတာရှိသလို မင်းဘူးစကုမြို့နယ်က ဆရာဆရာမတွေကိုလည်း အဲဒီလို အခြားဝေးလံတဲ့မြို့နယ်တွေကို ချထားပေးနေတာ တွေကိုလည်း တွေ့ရပါတယ်။ မကြာသေးမီကပဲ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွေက အလယ်တန်းကျောင်းအုပ်တွေကို ကျွန်တော်တို့မင်းဘူးစကုမြို့နယ်ကို တာဝန်ချထားပေးကြောင်းလည်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မှာရှိတဲ့ ရွာတစ်ရွာမှာဆိုလို့ရှိရင် မိသားစုနှင့်ဝေးကွာလို့ ကျေးရွာမှစီစဉ်ပေးတဲ့ ဆရာဆရာမများနေအိမ်မှာ တည်းခိုနေထိုင်စဉ် ရွာသားတစ်ဦးက ဝင်ရောက်ကျူးကျော်ပြီး နှောက်ယှက်လို့ ပြဿနာဖြစ်ပြီး ဆရာဆရာမများမှာ ဆက်လက်တာဝန်မထမ်းဆောင်ရဲတော့တဲ့အတွက် ၎င်းကျေးရွာမှ ကျောင်းသားကျောင်းသူများရဲ့ ပညာသင်ကြားရေးအခက်အခဲများ ကြုံတွေ့ရပါတယ်။ ဒါကြောင့် အဲဒီကျေးရွာအတွက် မူလဆရာမတွေအစား ဆရာတွေနဲ့ အစားထိုးပေးခဲ့ရတာတွေလည်း ရှိပါတယ်။ နယ်ဝေးမှာတာဝန်ကျလာတဲ့ ဆရာဆရာမတွေဟာ ကိုယ့်ဒေသတွေမှာ တာဝန်မထမ်းဆောင်ချင်တာလား၊ တာဝန်ထမ်းဆောင်ခွင့်မရတာလားဆိုတာကိုလည်း ပြန်လည်စဉ်းစားသင့်လှပါတယ်။ အချို့ဆရာတွေရဲ့ ပြောစကားအရဆိုလို့ရှိရင် နေရာရွေးချယ်တဲ့အခါမှာ ဒေသမရွေးလို့ဖြည့်လိုက်မှသာလျှင် တာဝန်ပေးတာများတယ်ဆိုပြီးတော့ တခြားဝေးလံတဲ့ဒေသတွေကို

သွားရောက်တာဝန်မထမ်းဆောင်ချင်ပါဘဲနဲ့ ဒေသမရွေးဆိုပြီးတော့ လျှောက်ထားရတာတွေလည်း ရှိပါတယ်။ တချို့ဆရာဆရာမတွေဆိုလို့ရှိရင် မိသားစုအခက်အခဲရှိလို့ ဒေသမရွေး မတင်နိုင်တဲ့ အတွက် အဲဒီ ဆရာဆရာမတွေဟာ လုပ်သက်တွေများသော်လည်းပဲ ရာထူးတိုးနောက်ကျတာတွေ လည်း ရှိနေတယ်လို့ ကြားသိရပါတယ်။ ဒါကိုလည်း ပြန်လည်စဉ်းစား သုံးသပ်သင့်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့တင်ပြရရင် ကျွန်တော့်ရဲ့အဆိုမှာ မိသားစုနဲ့ အနီးစပ်ဆုံးမှာ ရှိတဲ့ စာသင်ကျောင်းတွေမှာ မဖြစ်မနေ အမြန်ဆုံး တာဝန်ချထားပေးဖို့ ဆိုခြင်းမဟုတ်ဘဲနဲ့ မိသားစုနဲ့ အနီးစပ်ဆုံးမှာရှိတဲ့ ရာထူးတာဝန်နဲ့ကိုက်ညီတဲ့ စာသင်ကျောင်းတွေမှာ ဦးစားပေးပြီးတော့ တာဝန် ချထားပေးနိုင်မှု အစီအစဉ်တွေရေးဆွဲပြီးမှ အကောင်အထည်ဖော်ရန် တိုက်တွန်းထားခြင်းဖြစ်ပါတယ်။ အဲဒီလို အစီအစဉ်တွေရေးဆွဲတဲ့အခါမှာ မိသားစုနဲ့ဝေးကွာလွန်းတဲ့မြို့တွေကို တာဝန်ချထားပေးခြင်း မပြုဘဲနဲ့ မိမိမြို့နယ်အတွင်းမှာပဲ လုပ်သက်တန်းစီဇယားအလိုက် တာဝန်ချထားပေးမယ်ဆိုပါက ဆရာဆရာမများအနေနဲ့ မိမိတို့တာဝန်ထမ်းဆောင်လိုတဲ့ မိသားစုနဲ့နီးတဲ့ဒေသတွေမှာ တာဝန် ထမ်းဆောင်ခွင့်ရဖို့လျှောက်ထားတဲ့အခါမှာ လာဘ်ပေးလာဘ်ယူမှုတွေလည်း လျော့နည်းပပျောက် သွားမှာဖြစ်ပြီး အခြေခံပညာကျောင်းများမှာ တာဝန်ထမ်းဆောင်တဲ့ဆရာဆရာမတွေရဲ့ စားဝတ်နေရေး ဖူလုံမှုနဲ့ စိတ်ချမ်းမြေ့စွာ သင်ကြားပို့ချနိုင်မှုတို့အတွက် များစွာထောက်ကူမှာဖြစ်ပြီး ပြည်သူများရဲ့ ပညာရေးလည်း တိုးတက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တင်သွင်းထားသော အခြေခံ ပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများအား ၎င်းတို့မိသားစု များနှင့် အနီးစပ်ဆုံးမှာရှိတဲ့ ရာထူးတာဝန်နှင့်ကိုက်ညီတဲ့ စာသင်ကျောင်းများတွင် ဦးစားပေးတာဝန် ချထားပေးနိုင်ပါရန် အစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါ ရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေး ဝန်ထမ်းများအား ၎င်းတို့မိသားစုများနှင့် အနီးစပ်ဆုံးရှိ ရာထူးတာဝန်နှင့်ကိုက်ညီသော စာသင် ကျောင်းများတွင် ဦးစားပေးတာဝန်ချထားပေးနိုင်ပါရန် အစီအစဉ်များရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်ဟာ ပညာခေတ်ပါ။ နည်းပညာထွန်းကား တဲ့နိုင်ငံတွေဟာ ချမ်းသာဖွံ့ဖြိုးတိုးတက်ပြီးတော့ နည်းပညာနိမ့်ပါးတဲ့နိုင်ငံတွေကတော့ ဆင်းရဲနွမ်းပါး မှုသံသရာမှာ ဝဲလည်နေပါတယ်။ ဒါကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ချမ်းသာဖို့ ပညာရေးဟာ အဓိက

ကျလှပါတယ်။ ဒီနေရာမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာရေးသည် ဆင်းရဲမွဲတေမှုကို လျှော့ချ၍ သာတူညီမျှမှုရှိစေခြင်း၊ မိသားစုဝင်ငွေမြင့်မားစေခြင်း၊ တစ်ဦးချင်းစီနှင့် မိသားစုကျန်းမာရေးမြှင့်တင်ပေးခြင်း၊ လူမှုအဖွဲ့အစည်းများကို အားဖြည့်ပေးခြင်း၊ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့ဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်မှုလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍက ပါဝင်နေပါတယ်လို့ မှတ်သားဖွယ် မိန့်ကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ကာလတစ်လျှောက်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးအဆင့်အတန်းဟာ နိုင်ငံတကာမှာ ခေါင်းမမော့နိုင်တဲ့ အနေအထားပါ။ အဲဒီခေတ်က ပညာရေးအသုံးစရိတ်ဟာ GDP ရဲ့ တစ်ရာခိုင်နှုန်းကျော်သာရှိပြီးတော့ အာဆီယံနိုင်ငံတွေထဲမှာ အနိမ့်ဆုံးထဲက ပါဝင်ခဲ့ပါတယ်။ ဒီနေ့ဒီအချိန်မှာတော့ ပြည်သူ့အစိုးရဟာ ပညာရေးဘတ်ဂျက်ကို တိုးမြှင့်ခြင်း၊ ကျောင်းအဆင့်တွေ တိုးမြှင့်ခြင်း၊ ကျောင်းဆောင်တွေချထား၊ ဆရာဆရာမတွေတိုးချဲ့ခန့်ထား၊ အသုံးစရိတ်တွေတိုးမြှင့်ပေးပြီးတော့ ပညာရေးမူဝါဒတွေ ပြောင်းလဲချမှတ်လုပ်ဆောင်လေ့ရှိတာကို တွေ့ရပါတယ်။ ပညာရေးကဏ္ဍတိုးတက်ဖို့အတွက် ဆရာဆရာမတွေဟာ အဓိကကျလှပါတယ်။ ဆရာဆရာမတွေဟာ ပညာရေးကဏ္ဍရဲ့ အရေးကြီးဆုံးမဏ္ဍိုင်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆရာဆရာမတွေ လုပ်ငန်းခွင်မှာ ပျော်ရွှင်ဖို့၊ အဆင်ပြေချောမွေ့ဖို့၊ စိုးရိမ်ကြောင့်ကြကင်းစွာ တာဝန်ထမ်းဆောင်နိုင်ဖို့၊ စီးပွားရေး၊ လူမှုရေး နောက်ဆံတင်းမနေဖို့လည်း လိုအပ်လှပါတယ်။ အဆိုရှင်တင်ပြခဲ့သလိုပဲ အချို့သောပညာရေးဝန်ထမ်းတွေဟာ မိသားစုနှင့် ဝေးကွာလှတဲ့ တိုင်းဒေသကြီးခြား၊ ပြည်နယ်ခြားဒေသတွေမှာ တာဝန်ထမ်းဆောင်ရတဲ့အခါမှာ အခက်အခဲတွေ၊ အဆင်မပြေမှုတွေ များစွာကြုံတွေ့ကြရပါတယ်။ အဲဒီလို အဆင်မပြေ၊ စိုးရိမ် ကြောင့်ကြနေကြရတဲ့ ဆရာဆရာမများဟာ မိမိတို့လုပ်ငန်းခွင် ပညာသင်ကြားရေးမှာ အဆင်ပြေချောမွေ့၊ ပျော်ရွှင်ဖို့ ခက်ခဲပါလိမ့်မယ်။ မိမိတို့မရင်းနှီး၊ မကျွမ်းဝင်တဲ့ ဝေးလံခေါင်သီတဲ့ဒေသ၊ လုံခြုံစိတ်ချရတဲ့နေအိမ်မရှိ၊ လုံခြုံစိတ်ချရတဲ့ပတ်ဝန်းကျင်မရှိ၊ မြင့်မားတဲ့ခရီးစရိတ်နှင့် မလောက်ငှတဲ့ လစာ၊ ကျန်းမာရေးမကောင်းတဲ့အခါ၊ အဝေးက မိသားစုအရေးကိစ္စ စတဲ့ Pressure တွေဟာ ပညာသင်ကြားရေးမှာ မလိုလားအပ်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်စေနိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသိမိတ်ဆွေ ဆရာမတစ်ယောက်ရဲ့အတွေ့အကြုံလေးကို တင်ပြပါရစေ။ ရာထူးတိုးနှင့် ရှမ်းပြည်နယ် အစွန်အဖျားကျောင်းတစ်ကျောင်းကို တာဝန်ကျတယ်။ သုံးနှစ်တာဝန်ထမ်းဆောင်ပြီးတော့ တိုင်းဒေသကြီးအတွင်း ချထားပြန်တော့ ဝေးလံခေါင်သီခက်ခဲတဲ့နေရာကို ပို့တယ်။ သုံးနှစ်အကြာမှာ မိမိမြို့နယ်ထဲကို ပြန်ရောက်တယ်။ ယခုရာထူးတစ်ဆင့်တိုးအတွက် နီးတဲ့ကျောင်းမှာ နေရာလွတ်ပေမဲ့လို့ ဝေးတဲ့ကျောင်းကို ပို့ခံရတယ်။ အဝေးက ဆရာကို အနီးအနားကကျောင်းကို တာဝန်ချခံရတယ်။ ငွေရေးကြေးရေးလိုက်နိုင်သူတွေသာ နီးတဲ့၊ လိုချင်တဲ့နေရာတွေ တာဝန်ကျတယ်။ မလိုက်နိုင်သူတွေကတော့ အနီးက အဝေးရောက်၊ အဝေးက အနီးရောက် ကမောက်ကမဘဝနှင့် ကြုံကြရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် လွယ်နေတာကို ခက်အောင်၊ ရှင်းနေတာကို ရှုပ်အောင် မဖြစ်စေဘဲ နာ(၄)နာနဲ့ တာဝန်ထမ်းဆောင်ကြတဲ့ ပညာရေးကဏ္ဍရဲ့အဓိကမဏ္ဍိုင် ဆရာဆရာမတွေ မိသားစုနှင့် နီးရာမှာ အဆင်ပြေချောမွေ့စွာ၊ စိတ်ချမ်းသာစွာ ပညာရေးစနစ်မြင့်မားလာဖို့၊ တာဝန်ကျေစွာ

ထမ်းဆောင်နိုင်ဖို့၊ VIP တွေမထား၊ အကပ်အယက်တွေမထား၊ လာဘ်တွေမစား၊ ရာထူး၊ လုပ်သက် တန်းစီဇယားနှင့် တရားမျှတနေရာချထားဖို့လည်း အကြံပြုလိုပါတယ်။ နောက် ရာထူးနေရာလွတ်ရှိလို့ ခန့်ထားမယ်ဆိုရင် ရာထူးလုပ်သက်အရည်အချင်းတွင် (၁) ဒေသခံကိုဦးစား ပေးခန့်ထားဖို့၊ (၂) ဒေသခံမရှိရင် အနီးကပ်ဆုံးဒေသကို ဦးစားပေးခန့်ထားဖို့၊ (၃) အကယ်၍ ပြောင်းရွှေ့ခြင်း၊ ရာထူး တိုးခြင်း၊ ပင်စင်ယူခြင်း၊ သေဆုံးခြင်းစသဖြင့် နေရာလွတ်ဖြစ်ပေါ်လာရင် ရာထူးလုပ်သက်တန်းစီ ဇယားနှင့်အညီ ဝေးလံခေါင်သီ တိုင်းဒေသကြီးခြား၊ ပြည်နယ်ခြားမှာ ထမ်းဆောင်နေသူတွေကို ဦးစားပေးခန့်ထားသင့်ကြောင်းလည်း အကြံပြုလိုပါတယ်။ ဒါကြောင့် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းရဲ့ အဆိုကို လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေ ခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးဝင်းဝင်း တင်သွင်း သွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ဝင်း(မှော်ဘီမဲဆန္ဒနယ်)**။ ။ သဘောမတူပါဘူးခင်ဗျား။

**ဦးစစ်အေး(တောင်သာမဲဆန္ဒနယ်)**။ ။ သဘောမတူပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါဆိုလို့ရှိရင် သဘောမတူသူရှိတဲ့အတွက်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ သဘောမတူသူရှိတဲ့အတွက် အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ထောက်ခံသူများပါက အဆိုကို လက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ကန့်ကွက်သူများပါက အဆိုကို လက်ခံဆွေးနွေးရန်မရှိ ကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ (က) ထောက်ခံဆန္ဒမဲ ၁၁၈ မဲ၊ (ခ) ကန့်ကွက်ဆန္ဒမဲ ၂၂၆ မဲ၊ (ဂ) ကြားနေဆန္ဒမဲ ၇ မဲ ဖြစ်ပါတယ်။

## ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့လွှတ်တော်ကိုယ်စားလှယ် ဦးရေက များတဲ့အတွက် ဦးဝင်းဝင်း တင်သွင်းတဲ့ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင် နေကြသော ပညာရေးဝန်ထမ်းများအား ၎င်းတို့မိသားစုများနှင့် အနီးစပ်ဆုံးရှိရာ ရာထူးတာဝန်နှင့် ကိုက်ညီသော စာသင်ကျောင်းများတွင် ဦးစားပေးတာဝန်ချထားပေးနိုင်ပါရန်အစီအစဉ်များရေးဆွဲ၍

အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် သက်ဆိုင်ရာပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့(၂၃-၂-၂၀၁၈ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေပေးခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၇-၂-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၇)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၄)ချက်နှင့်စပ်လျဉ်း၍သဘောကွဲကြောင်း တင်ပြလာပါတယ်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်(၇)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တင်ပြချက်ကို ဖတ်ကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ်

ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ဖြစ်သည့် ၆-၁၁-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၁၄-၂-၂၀၁၈ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ဖြစ်တဲ့ ၂၃-၂-၂၀၁၈ ရက်နေ့တွင် လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၇-၂-၂၀၁၈ ရက်နေ့နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းသူတစ်ဦးမျှမရှိပါ။ ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၄-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အချက်(၇)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး ပြင်ဆင်ချက်၊ တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်(၇)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၇)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၅ မှ ၇ | ၆ | အပိုဒ် ၄ |
| (ဂ) | ၇ မှ ၉ | ၇ | အပိုဒ် ၇ |
| (ဃ) | ၉ မှ ၁၂ | ၈ | အပိုဒ် ၁၀ |
| (င) | ၁၂ မှ ၁၄ | ၉ | အပိုဒ် ၁၅ |
| (စ) | ၁၄ | ၁၀ | အပိုဒ် ၁၉ {ပုဒ်မ ၃၃-က ခြေဆင်း} |
| (ဆ) | ၁၅ | ၁၁ | အပိုဒ် ၂၁ {ပုဒ်မ ၃၄-က ခြေဆင်း} |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း

ကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်(၇)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက်(၇)ချက်ကို အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ် ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက်(၄)ချက်ကို တင်ပြဖို့ဥပဒေကြမ်း ကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့သဘောတူ ဆုံးဖြတ် ချက်အရ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ မူလဥပဒေပြဋ္ဌာန်းချက် အတိုင်းထားရှိပြီး အချက်(၄)ချက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များ အတိုင်း သဘောမတူဘဲ မူလဥပဒေပြဋ္ဌာန်းချက်အတိုင်းထားရှိမည့်အချက်(၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်(၄)ချက်ကို သဘောမတူဘဲမူလဥပဒေပြဋ္ဌာန်းချက်အတိုင်းအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်(၄)ချက်ကို သဘောမတူဘဲ မူလဥပဒေပြဋ္ဌာန်း ချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့

ပြင်ဆင်ချက်များအနက်(၄)ချက်ကို သဘောမတူဘဲ မူလဥပဒေပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင်ဆွေးနွေးဆုံးဖြတ်နိုင်ရန် တင်ပြသင့်ကြောင်းအဆိုကိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ဖြစ်တဲ့ ၆-၁၁-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထိုဥပဒေကြမ်းကို ၁၄-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့်သဘောတူပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်သို့ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အချက်(၄)ချက်သည် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်သို့ သဘောထားကွဲလွဲခဲ့ကြပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ မူလဥပဒေပြဋ္ဌာန်းချက်အတိုင်း ထားရှိမည့်အချက်(၄)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၂ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ ကို မူလဥပဒေပြဋ္ဌာန်းချက်အမည်အတိုင်းထားရှိခြင်း |
| (ခ) | ၂ | ၃ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃ ကို မူလဥပဒေပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်း |
| (ဂ) | ၂ မှ ၄ | ၄ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄ မူလဥပဒေပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်း |
| (ဃ) | ၄ မှ ၅ | ၅ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၆ မူလဥပဒေပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်း |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သဘောထားကွဲလွဲတဲ့ အချက်(၄) ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့(၄)ချက်နှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ (၁၄.၅.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



Dr Myo Thein Gyi    Dr Than Aung Soe



U Tin Aye    Dr Myo Thein Gyi



Dr Myo Thein Gyi    Dr Daw Pyone



U Win Myint Aung    Dr Myo Thein Gyi



U Myo Thein Gyo    U Myo Nyunt



U Aye Naing    Dr Myo Thein Gyi

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်